
**Child Led Participatory Action Research in Magway Region**



# ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ

မကွေးတိုင်းဒေသကြီးအတွက် ကလေးသူငယ်အခွင့်အရေးအခြေအနေ အကြောင်းအရာများနှင့် အခက်အခဲများကို ဖော်ထုတ်ပေးနိုင်သော "**ကလေးများဦးဆောင်သော ပါဝင်ဆောင်ရွက်ခြင်း သုတေသန ပြုခြင်း (Child Led Participatory Action Research - CLPAR)**" အစီအစဉ်တွင် ရန်ပုံငွေပံ့ပိုးပေးသော Norwegian Agency for Development Cooperation (Norad)၊ "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စီမံအုပ်ချုပ်မှု စီမံချက် (Child Rights Governance Project - CRG)"တွင် နည်းပညာအကူအညီများ ပံ့ပိုးပေးသော Save the Children International မှ တာဝန်ရှိဝန်ထမ်းများ၊ အဖက်ဖက်မှ လူအင်အား၊ အချိန်အား၊ လုပ်အားများကို ပါဝင်ကူညီ ပံ့ပိုးပေးခဲ့ကြသော မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ထုံးပေါက်တော(မြောက်) ကျေးရွာမှ "နေ့သစ်ရောင်ခြည်"၊ စမ်းကန်ကျေးရွာမှ "စေတနာဖြူစင်"၊ မင်းရွာ(မြောက်)မှ "မေတ္တာရောင်ခြည်"၊ ရွာသစ်ကလေးကျေးရွာမှ "Shiny Star"၊ ကျစ်စုံပွေးကျေးရွာမှ "အနာဂါတ်ကြယ်ပွင့်ကလေးများအဖွဲ့"နှင့် ပခုက္ကူမြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်မှ "မီးအိမ်ရှင်"၊ ကျွန်းညိုကြီးကျေးရွာမှ "Future Stars"၊ ဆင်လမ်းကျေးရွာမှ "Sin Lan Children Team"၊ ပန်းတိုင်းခြံကျေးရွာမှ "Butterflies"၊ ချိုင်ကျေးရွာမှ "Happy Children"စသည့် ကလေးသူငယ်အဖွဲ့ဝင်များ၊ ကျေးရွာစေတနာ့ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ မိဘ/အုပ်ထိန်းသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံးကို လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းအဖွဲ့ (Social Care Volunteer Group - SCVG) မှ စီမံချက်ဝန်ထမ်းများနှင့်အတူ ကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်

**နေဝင်းကို**
အမှုဆောင်ဒါရိုက်တာ
လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းအဖွဲ့
Social Care Volunteer Group – SCVG

နေ့စွဲ။ ဒီဇင်ဘာလ (၅) ရက်၊ ၂၀၁၈ ခုနှစ်
နေရာ။ မကွေးမြို့

# မာတိကာ

-o-o-o-o-


**ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ...... - 2 -**

**၁။ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက် ...... - 5 -**

**၂။ ကလေးများဦးဆောင်သော ပါဝင်ဆောင်ရွက်ခြင်း သုတေသန တွေ့ရှိချက် အနှစ်ချုပ် ...... - 5 -**

**၃။ မကွေးတိုင်းဒေသကြီးအတွင်း စီမံချက်ကျေးရွာများ၏ နောက်ခံအချက်အလက်များ ...... - 7 -**

**(က) မကွေးမြို့နယ်...... - 7 -**

**(ခ) ပခုက္ကူမြို့နယ်...... - 8 -**

**၄။ ကလေးများဦးဆောင်သော ပါဝင်ဆောင်ရွက်ခြင်း သုတေသန အဆင့် (၅) ဆင့် ...... - 8 -**

**(က) ခေါင်းစဉ်ရွေးချယ်ခြင်း...... - 9 -**

**(ခ) အချက်အလက်စုဆောင်းခြင်း ...... - 9 -**

**(ဂ) သုံးသပ်လေ့လာခြင်း ...... - 9 -**

**(ဃ) တွေ့ရှိချက်များကို တင်ပြခြင်း...... - 9 -**

**(င) အကောင်အထည်ဖော်ပြုပြင်ပြောင်းလဲခြင်း...... - 10 -**

**၅။ သုတေသနတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ...... - 11 -**

**၆။ သုတေသနပြုလုပ်သည့် အစီအစဉ်များ...... - 11 -**

**(က) သုတေသနပြုလုပ်မည့် ခေါင်းစဉ်ကို ရွေးချယ်ခြင်း ...... - 11 -**

**(ခ) အချက်အလက်စုဆောင်းခြင်း ...... - 13 -**

မကွေးမြို့နယ်ရှိ ကျေးရွာ (၅)ရွာနှင့် ပခုက္ကူမြို့နယ်ရှိ ရပ်ကွက် (၁) ခုနှင့် ကျေးရွာ (၄)ရွာတို့မှ အချက်အလက်များ ကောက်ယူခဲ့သည့် စာရင်း...... - 13 -

ရပ်ကွက်/ ကျေးရွာအတွင်း အလုပ်လုပ်နေရသော ကလေးဦးရေနှင့် ၎င်းကလေးများ၏ အသက်အရွယ် - 13 -

အလုပ်လုပ်နေရသော နေရာများ၊ အလုပ်အမျိုးအစားများ၊ အများဆုံးလုပ်ကိုင်နေကြသည့် အလုပ်အမျိုးအစားများနှင့် အကြောင်းအရင်းများ...... - 14 -

အလုပ်လုပ်နေရသော ကလေးများ၏ လုပ်အားခ၊ အလုပ်ချိန်နှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေမှုများ. - 14 -

အလုပ်လုပ်နေရသော ကလေးများ၏ အခက်အခဲများနှင့် ရင်တွင်းခံစားချက်များ...... - 15 -

အလုပ်သမားဥပဒေမှ သတ်မှတ်ထားသည့် တစ်ရက်လျှင် အနိမ့်ဆုံးလုပ်အားခ ရှိနေမှု/ မရရှိနေမှု အခြေအနေများ...... - 15 -

အလုပ်လုပ်နေသော ကလေးများအတွက် တာဝန်ရှိသူများမှ ပြုလုပ်ပေးစေလိုသော အရာများ ...... - 16 -

ခန္ဓာကိုယ် မြေပုံရေးဆွဲခြင်း...... - 16 -

သဘောတူသည်/ ကြားနေ/ သဘောမတူပါ...... - 18 -

နေ့စဉ်ဘဝ...... - 18 -

ရည်မှန်းချက် ပန်းတိုင်...... - 20 -

**(ဂ) သုံးသပ်လေ့လာခြင်း ...... - 20 -**

သုတေသနတွေ့ရှိချက်များအရ တာဝန်ရှိသူများအား အလုပ်လုပ်နေရသော ကလေးများမှ ပြုလုပ်ဆောင်ရွက်ပေးစေလိုသော အရာများ...... - 20 -

**(ဃ) တွေ့ရှိချက်များကို တင်ပြခြင်း................ - 21 -**
မကွေးမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ တင်ပြခဲ့မှု အခြေအနေ................ - 21 -
ပခုက္ကူမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ တင်ပြခဲ့မှု အခြေအနေ................ - 22 -
**၇။ ဖြစ်ရပ်မှန်များ................ - 23 -**
**၈။ သုတေသနပြုလုပ်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခဲ့ကြသူများ၏ အတွေ့အကြုံ၊ ခံစားချက်များနှင့် ရင်တွင်းစကားများ................ - 25 -**
**၉။ မှတ်တမ်းဓာတ်ပုံများ................ - 28 -**
**(က) ခေါင်းစဉ်ရွေးချယ်ခြင်း................ - 28 -**
**(ခ) အချက်အလက်စုဆောင်းခြင်း................ - 28 -**
**(ဂ) သုံးသပ်လေ့လာခြင်း................ - 29 -**

# ကလေးများ ဦးဆောင်ပါဝင်သော သုသေတန အစီအစဉ်

မကွေးတိုင်းဒေသကြီး

(၂၀၁၈ ခုနှစ်)

## ၁။ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်

- ဒေသတွင်းရှိ ကလေးသူငယ်များ၏ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာ၊ အခက်အခဲများကို ကလေးသူငယ်များ ဦးဆောင်ပါဝင်သည့် ဆန်းစစ်လေ့လာမှု တစ်ခု ပြုလုပ်ဆောင်ရွက်နိုင်ရန်၊
- ၎င်းတွေ့ရှိချက်များအား တာဝန်ရှိသူများကို တင်ပြတောင်းဆိုနိုင်ရန်နှင့် တာဝန်ရှိသူများမှ ဖြည့်ဆည်းဆောင်ရွက်ပေးလာနိုင်စေရန်၊
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် တင်ပြဆွေးနွေးသည့် လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်။

## ၂။ ကလေးများဦးဆောင်သော ပါဝင်ဆောင်ရွက်ခြင်း သုတေသန တွေ့ရှိချက် အနှစ်ချုပ်

သုတေသနပြုလုပ်သည့် အကြောင်းအရာကို သိရှိနိုင်ရန်အတွက် မကွေးမြို့နယ်တွင် (၃)ရွာနှင့် ပခုက္ကူမြို့နယ်တွင် (၂)ရွာတို့မှ ကလေးသူငယ် (၁၇၄) ဦး၊ မိဘ/ အုပ်ထိန်းသူ (၉၃) ဦး၊ ရပ်မိရပ်ဖ/ အုပ်ချုပ်ရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် ရပ်/ရွာတွင်းရှိလူမှုအဖွဲ့အစည်း (၁၂၉) ဦး၊ စုစုပေါင်း (၃၉၆) ဦးတို့ဖြင့် တွေ့ဆုံဆွေးနွေး ခဲ့ကြပါသည်။

၎င်းတို့မှ (၁) အလုပ်လုပ်နေသော ကလေး၊ (၂) ကျောင်းမနေရသော ကလေး၊ (၃) ခွဲခြားဆက်ဆံခြင်း ခံရသော ကလေး၊ (၄) အရိုက်ခံရသော ကလေး၊ (၅) အနိုင်ကျင့်ခံရသော ကလေး၊ (၆) လျစ်လျူရှုခံရသော ကလေးနှင့် (၇) မိဘမဲ့ကလေးများ စသည့် ကလေးအမျိုးအစားများကို ဆွေးနွေးကြပါသည်။ အထက်ဖော်ပြပါ ကလေးအမျိုးအစားများထဲမှ "**အလုပ်လုပ်နေသော ကလေးများ**"သည် အပြောင်းအလဲအတွက် လိုအပ်နေသော ကလေးအမျိုးအစားများအဖြစ် အတည်ပြုသတ်မှတ်ကြပါသည်။ ထိုသို့ အလုပ်လုပ်နေရသော ကလေးများသည် မိသားစု စားဝတ်နေရေးနှင့် ကျန်းမာရေး အဆင်မပြေခြင်း၊ မိဘများ၏ အကြွေးများရှိနေသည့်အတွက် ကူညီပေးနိုင်ရန်နှင့် အထက်တန်းကျောင်းတက်ရန် လက်လှမ်းမှီမှု မရှိခြင်းတို့ကြောင့် အလုပ်လုပ်နေကြရခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သုတသနတွေ့ရှိချက်များအရ ယောကျ်ားလေးအများစုသည် စားပွဲထိုး (စားသောက်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်)၊ ပန်းရံ၊ ကျဘမ်း (နေ့စား၊ ပဲနှုတ်၊ စိုက်ပျိုးရေး)၊ အုတ်သယ်သည့် အလုပ်နှင့် ဝပ်ရှော့ လုပ်ငန်းတို့တွင် အလုပ်လုပ်ကြပါသည်။ မိန်းကလေးအများစုသည် ဈေးရောင်း၊ ကျဘမ်း (ပဲနှုတ်၊ စိုက်ပျိုးရေး)၊ ပဲကြော်ဖို တို့တွင် အလုပ်လုပ်ကြပါသည်။

သုတေသန အချက်အလက်များကောက်ယူသည့်အခါတွင် အလုပ်လုပ်နေသော ကလေးများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်ရန် ခက်ခဲခြင်း၊ အလုပ်ရှင်များမှ အလုပ်လုပ်နေရသော ကလေးများနှင့် တွေ့ဆုံခွင့်ပေးသော်လည်း ကလေးများမှ ဖြေကြားရာတွင် လုံခြုံစိတ်ချရမှုအတွက် ခက်ခဲခြင်း၊ ဦးဆောင်သည့် ကလေးများမှ သုတေသန ကောင်းစွာမပြုလုပ်နိုင်မည်ကို စိုးရိမ်မှုရှိခြင်းနှင့် သိရှိနားလည်မှု မညီမျှခြင်း၊ ပြုလုပ်ရသည့် လုပ်ငန်းစဉ်အတွက် ရက်နည်းလွန်းခြင်းနှင့် ကုန်ကျစရိတ်များမလုံလောက်မည်ကို စိုးရိမ်နေရခြင်း၊ ပြည့်စုံလုံလောက်သည့် သတင်းအချက်အလက်များ မရရှိမည်ကို စိုးရိမ်ရခြင်းတို့ ရှိပါသည်။

အလုပ်လုပ်နေသော ကလေးများအကြောင်း အချက်အလက်များ စုဆောင်းရာတွင် တွေ့ရှိရသည့် အခြေအနေများမှာ အလုပ်လုပ်နေရသည့် ကလေးများသည် အသက် (၈) နှစ်မှ (၁၈) နှစ်အထိရှိပြီး ပန်းရံ၊ စားပွဲထိုး၊ အရောင်းအဝယ်၊ စိုက်ပျိုးရေးနှင့် ကျဘမ်းစသည့်အလုပ်များကို လုပ်ကိုင်နေကြရသည်။ ကလေးအများစုသည် တစ်ရက်လျှင် အလုပ်လုပ်ရသည့် ကြာချိန်မှာ အနည်းဆုံး (၉)နာရီမှ အများဆုံး (၁၂)နာရီအထိ ရှိပါသည်။ ကလေးများအတွက် လုပ်အားခအနေဖြင့် တစ်ရက်လျှင် အနည်းဆုံး(၁,၀၀၀)ကျပ်မှ အများဆုံး (၃,၀၀၀)ကျပ်အထိ ရရှိကြပါသည်။ အချို့သော ပညာသင်နေသည့် ကလေးများနှင့် စားရိတ်ငြိမ်း နေထိုင်အလုပ်လုပ်သည့် ကလေးများသည် တစ်ရက်လျှင် အနည်းဆုံး(၅၀၀)ကျပ်မှ (၁,၀၀၀)ကျပ်အထိသာ ရရှိကြပါသည်။ အလုပ်ကြမ်းနှင့် အန္တရာယ်ကျရောက်နိုင်သည့် အလုပ်အချို့ကို လုပ်ကိုင်နေကြရသည့် ကလေးများတွင်သာ လုပ်အားခ တစ်ရက်လျှင် (၄,၈၀၀) ကျပ် ရရှိကြသည်ကို တွေ့ရှိရသည်။

အလုပ်လုပ်နေသည့်ကလေးများအနေဖြင့် လုပ်ငန်းခွင်အတွင်းတွင်သစ်တုံးများ,မလျှင် ဟန်ချက်မညီပါက ခြေထောက်များပေါ်သို့ ပြုတ်ကျခြင်း၊ ပဲကြော်ဖိုတွင် ဆီပူလောင်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် အမြင့်မှ ပြုတ်ကျနိုင်ခြင်း (လူ၊ အရာဝတ္ထု)၊ ယာထဲတွင် မြွေနှင့် အခြားအဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ရှိခြင်း၊ စားသောက်ဆိုင်များတွင် လာရောက်ကြသည့် စားသုံးသူအချင်းချင်း ခိုက်ရန်ဖြစ်ပါက ထိခိုက်မိမည်ကို စိုးရိမ်ကြောင်း သိရှိရပါသည်။ အလုပ်လုပ်နေရသော ကလေးများနှင့် သက်ဆိုင်သည့် ဥပဒေအကြောင်းအရာများဖြစ်သော အလုပ်ချိန်၊ အသက်အရွယ်၊ လုပ်အားခ၊ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများကို အလုပ်ရှင်များ၊ မိဘ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် ကလေးများကိုယ်တိုင် မသိရှိနေကြောင်း သုတေသနအချက်အလက်များအရ တွေ့ရှိရပါသည်။

အလုပ်လုပ်နေရသော ကလေးများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား ပြုလုပ်ဆောင်ရွက်ပေးစေလိုသော အကြောင်းအရာများမှာ အလုပ်အားလပ်ချိန်တွင် ၎င်းတို့ ဝါသနာပါသော အသက်မွေးဝမ်းကျောင်းပညာတို့ကို အခမဲ့သင်ကြားပေးစေလိုခြင်း၊ ခေါင်းပုံဖြတ်ခံရသော ကလေးများမရှိအောင် အလုပ်လုပ်နေသည့် ကလေးများအတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများက ကလေးများနှင့် ပတ်သက်ဆက်နွယ်နေသူများကို အသိပညာများပေးခြင်း၊ အလုပ်ရှင်များမှ မနိုင်ဝန်ကို မခိုင်းရန်နှင့် အလုပ်လုပ်နေသည့်ကလေးများ နေမကောင်းဖြစ်ခဲ့လျှင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများ ပေးစေလိုကြောင်းကို သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော အလုပ်သမားရေးရာဥပဒေများတွင် အလုပ်လုပ်ရသည့် ကလေးသူငယ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် **အသက်(၁၄)နှစ်အထက် ကလေးသူငယ်များသာ အလုပ်လုပ်ခွင့်**ရှိသော်လည်း မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့တွင်ရှိသော ကလေးသူငယ်များသည် အခြေအနေအမျိုးမျိုးကြောင့် အသက် (၈) နှစ်ခန့်မှ စ၍ အလုပ်လုပ်နေကြသည်ကို သုတေသနစစ်တမ်းများအရ တွေ့ရှိရပါသည်။

## ၃။ မကွေးတိုင်းဒေသကြီးအတွင်း စီမံချက်ကျေးရွာများ၏ နောက်ခံအချက်အလက်များ

မကွေးတိုင်းဒေသကြီးအတွင်း မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်များမှ စီမံချက်ဒေသများမှာ ကျေးရွာ (၉)ရွာနှင့် ရပ်ကွက် (၁)ခု ဖြစ်သည့် ကျစ်စုံပွေးကျေးရွာ၊ မင်းရွာကျေးရွာ (မြောက်)၊ စမ်းကန်ကျေးရွာ၊ ရွာသစ်ကလေးကျေးရွာ၊ ထုံးပေါက်တောကျေးရွာ၊ ဆင်လမ်းကျေးရွာ၊ ချိုင်ကျေးရွာ၊ ကျွန်းညိုကြီးကျေးရွာ၊ ပန်းတိုင်းခြံကျေးရွာနှင့် အမှတ်(၁၁)ရပ်ကွက်တို့ ဖြစ်ကြပါသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ စိုက်ပျိုးသီးနှံများမှာ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ ကွမ်းနှင့် ဆေးရွက်ကြီးတို့ ဖြစ်ပါသည်။ အခြားစီးပွားရေး လုပ်ငန်းများမှာ အရောင်းအဝယ်၊ ယက္ကန်း၊ ဝပ်ရှော့၊ အထည်ချုပ်၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကျဘမ်း (ပန်းရံ၊ ပဲကောက်၊ ပေါင်းထိုး၊ ကုန်ထမ်း စသဖြင့်) တို့ဖြစ်ပါသည်။

ဗမာလူမျိုးများ အများစုနေထိုင်ကြပြီး ချင်းနှင့် ရခိုင်လူမျိုးများလည်း နေထိုင်ကြသည်။ အဓိကကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်ပြီး ခရစ်ယာန်ကိုးကွယ်သူနှင့် အစ္စလာမ်ကိုးကွယ်သူတို့ အနည်းငယ်ရှိပါသည်။

### (က) မကွေးမြို့နယ်

မကွေးမြို့နယ်မှ စီမံချက်ကျေးရွာများသို့ သွားလာရာတွင် ကား၊ ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် သွားလာကြပြီး အကွာအဝေးအနေဖြင့် အနီးဆုံးမှာ ရွာသစ်ကလေးကျေးရွာသည် (၅) မိုင်ကွာဝေးပြီး၊ ကျစ်စုံပွေးကျေးရွာသည် မိုင်(၂၀)ကွာဝေးပါသည်။


| ဒေသ၏ အချက်အလက်များ | ထုံးပေါက်တော (မြောက်) | ရွာသစ်ကလေး | စမ်းကန် | မင်းရွာ (မြောက်) | ကျစ်စုံပွေး |
|---|---|---|---|---|---|
| အိမ်ထောင်စု | ၄၃၀ | ၂၆၅ | ၂၂၄ | ၂၃၇ | ၁၆၆၂ |
| အိမ်ခြေ | ၄၂၁ | ၂၅၂ | ၂၀၈ | ၂၃၇ | ၁၅၈၁ |
| (၁၈) နှစ်အောက် လူဦးရေ | ၄၅၆ | ၈၁၉ | ၄၄၈ | ၂၆၄ | ၁၃၀၃ |
| (၁၈) နှစ်အထက် လူဦးရေ | ၁၂၅၁ | ၆၆၁ | ၆၂၃ | ၆၆၄ | ၃၅၁၄ |
| စုစုပေါင်း လူဦးရေ | ၁၇၀၇ | ၁၄၈၀ | ၁၀၇၁ | ၉၂၈ | ၄၈၁၇ |
| မူလတန်းကျောင်း | | | | | |
| မူလတန်းလွန်ကျောင်း | | (၁) | | | |
| အလယ်တန်းကျောင်း | ခွဲ (၁) | | (၁) | (၁) | |
| အထက်တန်းကျောင်း | မရှိ | မရှိ | မရှိ | မရှိ | ခွဲ (၁) |
| ကျန်းမာရေး ဆေးပေးခန်း | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| မူကြိုကျောင်း | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| စာကြည့်တိုက် | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| အလုပ်လုပ်နေရသောကလေး | ၄၀ | ၃၀ | ၂၉ | ၄၃ | ၂၉၁ |

### (ခ) ပခုက္ကူမြို့နယ်

ပခုက္ကူမြို့နယ်မှ စီမံချက်ကျေးရွာများသို့ သွားလာရာတွင် ကား၊ ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် သွားလာကြပြီး အကွာအဝေးအနေဖြင့် အနီးဆုံးမှာ အမှတ်(၁၁)ရပ်ကွက် ဖြစ်ပြီး အဝေးဆုံးမှာ (၂၇) မိုင်ကွာဝေးသော ချိုင်ကျေးရွာဖြစ်ပါသည်။

| ဒေသ၏ အချက်အလက်များ | ချိုင် | ကျွန်းညိုကြီး | ဆင်လမ်း | ပန်းတိုင်မြို | အမှတ် (၁၁) ရပ်ကွက် |
|---|---|---|---|---|---|
| အိမ်ထောင်စု | ၂၅၇ | ၂၁၀ | ၁၉၆ | ၄၅၀ | ၂၀၆၃ |
| အိမ်ခြေ | ၂၄၉ | ၂၀၀ | ၁၈၆ | ၄၄၂ | ၂၀၁၆ |
| (၁၈) နှစ်အောက် လူဦးရေ | ၄၇၅ | ၃၇၈ | ၂၄၇ | ၇၇၀ | ၅၂၁၀ |
| (၁၈) နှစ်အထက် လူဦးရေ | ၉၆၄ | ၆၀၇ | ၇၄၈ | ၁၅၃၇ | ၇၂၄၅ |
| စုစုပေါင်း လူဦးရေ | ၁၄၃၉ | ၉၈၅ | ၉၉၅ | ၂၃၀၇ | ၁၂၄၄၆ |
| မူလတန်းကျောင်း | | | (၁) | | (၂) |
| မူလတန်းလွန်ကျောင်း | | | မရှိ | | |
| အလယ်တန်းကျောင်း | (၁) | (၁) | မရှိ | (၁) | |
| အထက်တန်းကျောင်း | မရှိ | မရှိ | မရှိ | မရှိ | (၁) |
| ကျန်းမာရေးဆေးပေးခန်း | (၁) | (၁) | မရှိ | (၁) | မရှိ |
| မူကြိုကျောင်း | (၁)[1] | (၁)[2] | မရှိ | မရှိ | မရှိ |
| စာကြည့်တိုက် | (၁) | (၁) | (၁) | မရှိ | မရှိ |
| အလုပ်လုပ်နေရသောကလေး | (၁၆) | (၅) | (၂၆) | (၂၆) | (၃၅) |

## ၄။ ကလေးများဦးဆောင်သော ပါဝင်ဆောင်ရွက်ခြင်း သုတေသန အဆင့် (၅) ဆင့်




[1] Save the Children နှင့် ရပ်ရွာလူထုမှ ပူးပေါင်း၍ တည်ဆောက်ထားသော ကျောင်းဖြစ်သည်။
[2] Save the Children နှင့် ရပ်ရွာလူထုမှ ပူးပေါင်း၍ တည်ဆောက်ထားသော ကျောင်းဖြစ်သည်။

### (က) ခေါင်းစဉ်ရွေးချယ်ခြင်း

ကလေးများရင်ဆိုင်ကြုံတွေ့နေရသော ကလေးသူငယ်အခွင့်အရေး လိုအပ်ချက်များကို သိရှိစေရန် အတွက် (၁) ကလေးအမျိုးမျိုးပါဝင်သော အုပ်စု၊ (၂) မိဘ၊ အုပ်ထိန်းသူများပါဝင်သော အုပ်စု နှင့် (၃) ရပ်မိ၊ ရပ်ဖ၊ အုပ်ချုပ်ရေးမှူး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်သောအုပ်စု စသည့် အမျိုးအစား(၃)မျိုးဖြင့် ရွေးချယ်ခြင်း ဖြစ်ပါသည်။ "**ကလေးသူငယ်အခွင့်အရေးကို ရရှိရန် လိုအပ်နေသော ကလေးအမျိုးအစား (သို့မဟုတ်) အပြောင်းအလဲအတွက် လိုအပ်နေသော ကလေးအမျိုးအစား**" တစ်ခုကိုသာ ခေါင်းစဉ်အဖြစ် ရွေးချယ်နိုင်စေရန် ၎င်းအမျိုးအစား (၃)မျိုးနှင့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

### (ခ) အချက်အလက်စုဆောင်းခြင်း

ခေါင်းစဉ်ရွေးချယ်ခြင်းမှ ရရှိလာသည့် အပြောင်းအလဲအတွက် လိုအပ်နေသော ကလေးအမျိုးအစား နှင့် သက်ဆိုင်မည့် သတင်းအချက်အလက်များကို ရယူနိုင်ရန်နှင့် သုတေသန ပြုလုပ်ရာတွင် လိုအပ်မည့် အရည်အသွေးနှင့် အရေအတွက်များကို ပြင်ဆင်ခြင်းနှင့် ကောက်ယူသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

### (ဂ) သုံးသပ်လေ့လာခြင်း

စုဆောင်းရရှိထားသော သတင်းအချက်အလက်များ ခိုင်လုံမှု ရှိ/မရှိကို သုတေသန ပြုလုပ်သည့် သူများအနေဖြင့် သုံးသပ်လေ့လာရန်အတွက် ပြုလုပ်သည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ အချက်အလက်များကို သုံးသပ်လေ့လာရာတွင် ရွေးချယ်ထားသော ခေါင်းစဉ်နှင့် တိုက်ဆိုင်စစ်ဆေးပြီး လုံလောက်မှုမရှိဟု တွေ့ရှိပါက ထပ်မံစုဆောင်းရန် လိုအပ်ပါသည်။ သုံးသပ်လေ့လာမှုတွင် တွေ့ရှိချက်များအပေါ်ခိုင်လုံမှု ရှိ/ မရှိ နှင့် သတင်းအချက်အလက်များသည် သက်သေပြနိုင်သော တွေ့ရှိချက် ဟုတ်/ မဟုတ်ကို သုံးသပ်ရပါသည်။ သုတေသနပြုလုပ်သူများအနေဖြင့် မိမိတို့ တွေ့ရှိထားသော အချက်အလက်များသည် မည်သည်ကို အခြေခံကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မည်မျှအာမခံနိုင်ကြောင်းကို ပြသနိုင်ရမည့် လုပ်ငန်းအစီအစဉ် ဖြစ်ပါသည်။

### (ဃ) တွေ့ရှိချက်များကို တင်ပြခြင်း

ကလေးသူငယ်များသည် မိမိတို့ သုတေသနပြုလုပ်ထားသည့် သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာပြီး ရရှိလာသော တွေ့ရှိချက်များကို တင်ပြဆွေးနွေးရန်အတွက် သုတေသနတွင် ပါဝင်ခဲ့သည့် ကလေးများမှ (ဥပမာ - သုတေသနပြုလုပ်ဆောင်ရွက်သည့် ကလေးများ၊ အပြောင်းအလဲအတွက် လိုအပ်နေသည့် ကလေးများ) တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်/ ကျေးရွာ အဆင့်လိုက် ကလေးများအတွက် တင်ပြတောင်းဆိုမည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်ရေးဆွဲပြီး ပြုလုပ်ဆောင်ရွက်ရပါသည်။ ကလေးများအနေဖြင့် တွေ့ရှိချက်များ မတင်ပြမီ သေချာစေရန် ကြိုတင်ပြင်ဆင် ဆွေးနွေးမှုများ ပြုလုပ်ကြရပါသည်။ တွေ့ရှိချက်များကို တင်ပြရာတွင် သုတေသန ဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်အား တင်ပြခြင်း၊ သုတေသနပြုလုပ်ခြင်းမှ ရရှိခဲ့သော ကလေးသူငယ်အခွင့်အရေး

ဆိုင်ရာ တွေ့ရှိချက် အကြောင်းအရာများကို (ဥပမာ - ပန်းချီ၊ ကဗျာ၊ ရုပ်ပုံများနှင့် ဖြစ်ရပ်မှန် ဇာတ်လမ်းများကို တင်ဆက်ခြင်းတို့ဖြင့်) တင်ပြဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ပါသည်။ တက်ရောက်လာသူများအနေဖြင့် ထပ်မံသိရှိလိုသော အကြောင်းအရာများကို ထပ်မံမေးမြန်းခြင်းနှင့် ကလေးသူငယ်များမှလည်း ၎င်းတို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အမှန်တကယ် ကြုံတွေ့သိရှိခဲ့ရသော အခြေအနေများကို အသေးစိတ် ဆွေးနွေးပေးကြရပါသည်။

ထို့အပြင် ကလေးသူငယ်အဖွဲ့ဝင်များသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေးပွဲများတွင် တွေ့ရှိချက်များကို တင်ပြခြင်း၊ ကော်မတီဝင်များ၏ ထပ်မံသိရှိလိုသော သတင်းအချက်အလက်များကို အချက်အလက်အပြည့်အစုံဖြင့် (စားပွဲဝိုင်း ဆွေးနွေးခြင်း အစီအစဉ်) ဆွေးနွေးတင်ပြခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

နိုင်ငံတွင်း ဒေသအသီးသီးမှ ကလေးများ တွေ့ဆုံဆွေးနွေးပွဲ (Children Forum) တွင် တက်ရောက်ပြီး မိမိတို့ ဒေသမှ ကလေးများ၏ အခြေအနေများကို ဆွေးနွေးခြင်း၊ အတွေ့အကြုံများ မျှဝေခြင်းနှင့် တူညီသော အခြေအနေများအား ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြဆွေးနွေးပေးခြင်း အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

ထိုသို့တင်ပြဆွေးနွေးရာတွင် ကလေးသူငယ်များသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်၊ အပိုဒ် (၁၂) အရ "ကလေးသူငယ်များ၏ ထင်မြင်ယူဆချက်ကို ထုတ်ဖော်ပြောဆိုခွင့်"၊ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ၊ အခန်း (၅) ကလေးသူငယ်၏ အခွင့်အရေးများ၊ ပုဒ်မ ၁၃ (က) အရ "မိမိ၏ ထင်မြင်ယူဆချက်များကို ပြောဆိုနိုင်သည့် အသက်အရွယ်နှင့် ရင့်ကျက်မှုရှိပြီး ကလေးသူငယ်တိုင်းသည် မိမိတို့၏ ကလေးသူငယ်များနှင့် စပ်လျဉ်းသည့် အရေးကိစ္စများတွင် မိမိ၏ ကိုယ်ပိုင် ထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြခွင့်ရှိသည်၊" ပုဒ်မ ၁၃ (ခ) အရ "ကလေးသူငယ်၏ တင်ပြချက်ကို ယင်းအသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် သက်ဆိုင်ရာတို့က ထိုက်သင့်သော အလေးဂရုပြုရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

၎င်းတင်ပြမှုမှတဆင့် အပြောင်းအလဲပြုလုပ်ရန်အတွက် ဆုံးဖြတ်ပေးနိုင်သည့် တာဝန်ရှိသူများ၊ အပြောင်းအလဲအတွက် လိုအပ်သည့် ကလေးများနှင့် သုတေသနပြုလုပ်သူများသည် အတူတကွဆွေးနွေးပြီး အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် လုပ်ငန်းစဉ်များ ရေးဆွဲကြရမည်ဖြစ်ပါသည်။

## (င) အကောင်အထည်ဖော်ပြုပြင်ပြောင်းလဲခြင်း

သုတေသန၏ ရလဒ်များအရ အပြောင်းအလဲအတွက် ရေးဆွဲထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အပြောင်းအလဲအတွက် လိုအပ်နေသော ကလေးများပါဝင်ရန် အထူး လိုအပ်ပါမည်။ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ် တစ်ခုပြီးတိုင်း ရလဒ်ကို တိုင်းတာကြည့်ရန် လိုအပ်ပါသည်။ တစ်ကြိမ်နှင့် မရနိုင်ပါက အကြိမ်ကြိမ်ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါမည်။ သို့ရာတွင် အသုံးပြုသော နည်းလမ်း ကိုက်ညီမှု ရှိ/မရှိနှင့် အသုံးပြုသော နည်းလမ်းများသည် မှန်ကန်မှု ရှိ/ မရှိ ကို ပြန်လည်သုံးသပ်ပြီး နည်းလမ်းပြောင်းရန် လိုအပ်ပါက လုပ်ဆောင်သည့် အခြေအနေများကို ချက်ချင်း အပြောင်းအလဲ ပြုလုပ်ရမည် ဖြစ်ပါသည်။

## ၅။ သုတေသနတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ

၁။ **သတင်းသစ်ပင်** - ရပ်ရွာအတွင်း မည်သည့်ကလေးအမျိုးအစားများ ရှိနေသည်ကို သိရှိနိုင်ရန် အတွက် တစ်ဦးချင်းမှ မိမိသိရှိထားသော ကလေးအမျိုးအစားကို ရေးသားဖော်ထုတ်ခြင်း ဖြစ်ပါသည်။

၂။ **မဲပေးရွေးချယ်ခြင်း** - ခေါင်းစဉ်ရွေးချယ်နိုင်ရန်အတွက် သတင်းသစ်ပင်မှ ဆွေးနွေးထားသည့် ကလေးအမျိုးအစားများထဲမှ အပြောင်းအလဲအတွက် ကလေးအခွင့်အရေး ဖြည့်ဆည်းပေးရန် အလိုအပ်ဆုံးသော ကလေးအမျိုးအစား တစ်ခုကို တွေ့ဆုံဆွေးနွေးသည့် အုပ်စုသုံးစုတွင် ပါဝင်သူများမှ တစ်ဦးချင်းစီ မဲပေးရွေးချယ်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

၃။ **မေးခွန်းများ မေးမြန်းခြင်း** - ကြိုတင်ပြင်ဆင်ထားသည့် အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ မေးခွန်းများကို သတင်းရရှိနိုင်သည့် တစ်ဦးချင်းစီမှ တွေ့ဆုံ၍ မေးမြန်းခြင်းဖြစ်ပါသည်။

၄။ **အုပ်စုဖွဲ့ဆွေးနွေးခြင်း** - ဆွေးနွေးရာတွင် (၈) ဦးမှ (၁၂) ဦးကို ကြိုတင်ပြင်ဆင်ထားသည့် အရည်အသွေးနှင့် အရေအတွက် အကြောင်းအရာများကို ဆွေးနွေးတိုင်ပင်သည့် နည်းလမ်း ဖြစ်ပါသည်။

၅။ **ခန္ဓာကိုယ်မြေပုံရေးဆွဲခြင်း** - လူကိုယ်ခန္ဓာပုံကို ရေးဆွဲပြီး ပုံတွင် မျက်လုံး၊ နား၊ လက်၊ ပါးစပ်၊ ခန္ဓာကိုယ်၊ နှလုံးသား၊ ခြေထောက် တို့တွင် အပြောင်းအလဲအတွက် လိုအပ်နေသည့် ကလေးများကိုယ်တိုင် ဘာ့ကြောင့် ကြိုက်သည်၊ မကြိုက်သည်ကို ဆွေးနွေးရသည့် နည်းလမ်းဖြစ်ပါသည်။

၆။ **နေ့စဉ်ဘဝ** - အပြောင်းအလဲအတွက် လိုအပ်နေသော ကလေးများမှ မိမိတို့ နေ့စဉ် အိပ်ယာထသည့် အချိန်မှ စ၍ အိပ်ယာဝင်သည့် အချိန်ထိ ပြုလုပ်သည့် လုပ်ငန်းစဉ်တို့ကို ကြိုက်သည်/မကြိုက်ပါ ဆွေးနွေး မှတ်တမ်းတင်ရသည့် နည်းလမ်းဖြစ်ပါသည်။

၇။ **သဘောတူသည်၊ ကြားနေ၊ သဘောမတူပါ** - ရွေးချယ်ထားသော ခေါင်းစဉ်နှင့် ပတ်သက်ပြီး သိရှိရန် လိုအပ်သည့် အကြောင်းအရာများကို ကြိုတင်ပြင်ဆင်ထားပြီး အပြောင်းအလဲအတွက် လိုအပ်နေသော ကလေးများကိုသာ ဆွေးနွေးသည့် နည်းလမ်းဖြစ်ပါသည်။ အကြောင်းအရာ တစ်ခုစီတိုင်းကို ဘာကြောင့် "သဘောတူသည်၊ ကြားနေ ၊ သဘောမတူပါ"တို့ကို ဆွေးနွေးရပါသည်။


၈။ **ရည်မှန်းချက် ပန်းတိုင် (ခရီးစဉ်များ)** - အပြောင်းအလဲအတွက် လိုအပ်နေသည့် ကလေးများမှ ကလေးအခွင့်အရေးများကို ကလေးများကိုယ်တိုင်နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်တာဝန်ရှိသူများမှ မည်သို့ပြုလုပ်ပေးရမည်ဆိုသည့် ရည်မှန်းချက်များကို အကြံပြုတောင်းဆိုသော နည်းလမ်း ဖြစ်ပါသည်။

## ၆။ သုတေသနပြုလုပ်သည့် အစီအစဉ်များ

### (က) သုတေသနပြုလုပ်မည့် ခေါင်းစဉ်ကို ရွေးချယ်ခြင်း

သုတေသနပြုလုပ်မည့် ခေါင်းစဉ်ရွေးချယ်ရာတွင် ကလေးသူငယ် ၁၇၄ ဦး (ကျား ၆၆ ဦးနှင့် မ ၁၀၈ ဦး)၊ မိဘ/ အုပ်ထိန်းသူ ၉၃ ဦး (ကျား ၄၃ ဦးနှင့် မ ၅၀ ဦး)၊ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူးနှင့်

အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ၁၂၉ ဦး (ကျား ၅၃ ဦးနှင့် မ ၇၆ ဦး) **စုစုပေါင်း ၃၉၆ ဦး**တို့မှ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။





အထက်ဖော်ပြပါ အုပ်စု (၃)မျိုးနှင့် တွေ့ဆုံရာတွင် အဆင့်ဆင့်ဆွေးနွေးမှုများအရ တူညီသည့် ကလေးအမျိုးအစား (၇) မျိုးကို ကလေးအခွင့်အရေးများ ဖြည့်ဆည်းပေးရန် အဓိကလိုအပ်နေသည့် ကလေးများအနေဖြင့် ဖော်ထုတ်ရရှိခဲ့ပါသည်။ ၎င်းအမျိုးအစား (၇) မျိုးမှာ -

(၁) အလုပ်လုပ်နေရသော ကလေး၊
(၂) ကျောင်းမနေရသော ကလေး၊
(၃) ခွဲခြားဆက်ဆံခံရသော ကလေး၊
(၄) အရိုက်ခံရသော ကလေး၊
(၅) မိဘမဲ့ ကလေး၊
(၆) အနိုင်ကျင့်ခံရသော ကလေးနှင့်
(၇) လျစ်လျူရှုခံရသော ကလေး တို့ ဖြစ်ကြပါသည်။

ဖော်ထုတ်ရရှိခဲ့သော ကလေးအမျိုးအစား (၇) မျိုးမှ သုတေသနပြုလုပ်ရန်အတွက် ခေါင်းစဉ်တစ်ခုကို ရွေးချယ်ရန် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကလေးသူငယ် (၁၇၄) ဦး၊ မိဘ/ အုပ်ထိန်းသူ (၉၃) ဦးနှင့် ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ (၁၂၉) ဦး တို့မှ မဲပေးရွေးချယ်ခဲ့ကြပါသည်။

မဲရလဒ်များမှာ -

| | | |
|---|---|---|
| (၁) | အလုပ်လုပ်နေရသော ကလေး | (၁၇၄) မဲ |
| (၂) | ကျောင်းမနေရသော ကလေး | (၁၃၅) မဲ |
| (၃) | ခွဲခြားဆက်ဆံခံရသော ကလေး | (၃၇) မဲ |
| (၄) | အရိုက်ခံရသော ကလေး | (၂၆) မဲ |
| (၅) | မိဘမဲ့ ကလေး | (၁၆) မဲ |
| (၆) | အနိုင်ကျင့်ခံရသော ကလေး | (၄) မဲ |
| (၇) | လျစ်လျူရှုခံရသော ကလေး | (၄) မဲ စသည်ဖြင့် အသီးသီးရရှိခဲ့ပါသည်။ |




မဲပေးရွေးချယ်ခဲ့သည့် ရလဒ်အရ မဲအရေအတွက် (၁၇၄) မဲ ရရှိသော "**အလုပ်လုပ်နေသော ကလေးအမျိုးအစား**"သည် အပြောင်းအလဲအတွက် အဓိကဖြည့်ဆည်းပေးရန် လိုအပ်နေကြောင်းကို အတည်ပြုဆွေးနွေးပြီး သုတေသနပြုလုပ်ရန် ခေါင်းစဉ်အဖြစ် ရွေးချယ်ခဲ့ကြပါသည်။

## (ခ) အချက်အလက်စုဆောင်းခြင်း

**မကွေးမြို့နယ်ရှိ ကျေးရွာ (၅)ရွာနှင့် ပခုက္ကူမြို့နယ်ရှိ ရပ်ကွက် (၁) ခုနှင့် ကျေးရွာ (၄)ရွာတို့မှ အချက်အလက်များ ကောက်ယူခဲ့သည့် စာရင်း**

| စဉ် | အမျိုးအစား | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ကျောင်းထွက်ပြီး အမြဲအလုပ်လုပ်နေရသော ကလေး | ၃၉ | ၄၃ | ၈၂ |
| ၂ | နွေရာသီကျောင်းပိတ်စဉ် ၃လအတွင်း အလုပ်လုပ်နေရသော ကလေး | ၁၆ | ၁၆ | ၃၂ |
| ၃ | ကျောင်းထွက်ပြီး အမြဲအလုပ်လုပ်နေရသော ကလေး၏ မိဘ | ၃၂ | ၄၂ | ၇၄ |
| ၄ | နွေရာသီကျောင်းပိတ်စဉ် ၃ လအတွင်း အလုပ်လုပ်နေသောကလေး၏ မိဘ | ၆ | ၁၂ | ၁၈ |
| ၅ | အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ရပ်ရွာလူမှုအဖွဲ့အစည်း | ၈၀ | ၁၃ | ၉၃ |
| ၆ | အလုပ်ရှင် | ၁၆ | ၁၂ | ၂၈ |
| | **စုစုပေါင်း** | **၁၈၉** | **၁၃၈** | **၃၂၇** |

**ရပ်ကွက်/ ကျေးရွာအတွင်း အလုပ်လုပ်နေရသော ကလေးဦးရေနှင့် ၎င်းကလေးများ၏ အသက်အရွယ်**

စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက်တို့တွင် ကျောင်းမနေဘဲ အလုပ်လုပ်နေရသော ကလေးဦးရေသည် (၅) ဦး မှ (၄၀) ဦးခန့် ရှိသည်ကို တွေ့ရှိရပါသည်။

နွေရာသီကျောင်းပိတ်စဉ် (၃)လအတွင်း အလုပ်လုပ်နေရသော ကလေးဦးရေသည် (၁၅)ဦးမှ (၅၀)ဦးခန့် ရှိပါသည်။ အလုပ်လုပ်နေရသော ကလေးအများစု၏ အသက်သည် (၈)နှစ်မှ (၁၈) နှစ်အထိ အလုပ်လုပ်နေကြရပါသည်။

## အလုပ်လုပ်နေရသော နေရာများ၊ အလုပ်အမျိုးအစားများ၊ အများဆုံးလုပ်ကိုင်နေကြသည့် အလုပ်အမျိုးအစားများနှင့် အကြောင်းအရင်းများ

အလုပ်လုပ်နေရသော ကလေးများသည် ၎င်းတို့ နေထိုင်ရာ ရပ်ကွက်/ ကျေးရွာနှင့် အခြားဒေသများ ဖြစ်သော ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်/ တရုတ်၊ ညောင်ဦး၊ မြစ်ခြေ၊ အုတ်တွင်း၊ ရခိုင်၊ မကွေး၊ ပခုက္ကူ၊ မြစ်ကြီးနား၊ ပြင်ဦးလွင်၊ နေပြည်တော်၊ စစ်ကိုင်း၊ မိတ္ထီလာ၊ နောင်ချို၊ ပြည်၊ တောင်ကြီး၊ တောင်ငူစသည်နေရာဒေသများတွင် အလုပ်လုပ်နေကြပါသည်။

အများစုသည် ရပ်ဝေးသို့ သွားရောက်လုပ်ကိုင်နေကြရပြီး၊ တချို့သော ကလေးများသည် နွေရာသီကျောင်းပိတ်ချိန်၌ မိမိတို့ ရပ်/ရွာအတွင်းတွင် အလုပ်လုပ်ကြရပါသည်။

၎င်းကလေးများသည် ကား/ဆိုင်ကယ် ပြုပြင်ရေး၊ စားပွဲထိုး၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ အကြော်ဆရာ၊ ဈေးရောင်းအကူ၊ အရောင်းအဝယ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်း၊ ဂက်(စ်)အိုးပို့၊ ပဲညှစ်၊ ပဲကြော်လုပ်ငန်း၊ သစ်စက်လုပ်ငန်း၊ ပဲနှုတ်၊ ပေါင်းသင်၊ ယာဉ်နောက်လိုက် (ကားစပယ်ယာ)၊ အမွှေးတိုင်လိပ်၊ ဆေးရွက်ကြီးထည့်၊ ခေါင်ရည်ဖူးပိတ်၊ ကုန်ထမ်း၊ အုတ်ရိုက်၊ မီးလိုင်းဆွဲနှင့် ကေတီဗွီတွင် သီချင်းသီဆို ဖျော်ဖြေပေးရခြင်း စသည်တို့ကို လုပ်ကိုင်နေကြရပါသည်။

ကလေးများ အလုပ်လုပ်နေရသည့် အဓိက အကြောင်းအရင်းများမှာ မိသားစု စားဝတ်နေရေး အဆင်မပြေခြင်း၊ မိဘမှ ခိုင်းခြင်း၊ မိဘထံ အကြွေးတောင်းခံရသည့်အတွက် အလုပ်လုပ်ကြခြင်း၊ အလယ်တန်းကျောင်း သို့မဟုတ် အလယ်တန်းကျောင်းခွဲလောက်သာ ရှိသည့်အတွက် အထက်တန်းကျောင်း တက်ချိန်တွင် ပညာသင်စရိတ်နှင့် စိတ်ချလုံခြုံမှု မရှိခြင်း၊ ပညာသင်စရိတ် ရရှိစေရန် ကျောင်းအားချိန်တွင် ကိုယ်ပိုင်ဝင်ငွေရလိုခြင်း၊ မိဘ၏ ကျန်းမာရေးမကောင်းခြင်းနှင့် ကျောင်းဆက်မထားနိုင်ခြင်းတို့ကြောင့် အလုပ်လုပ်နေကြသည်ဟု ဖြေဆိုကြပါသည်။

## အလုပ်လုပ်နေရသော ကလေးများ၏ လုပ်အားခ၊ အလုပ်ချိန်နှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေမှုများ

အလုပ်လုပ်နေရသော ကလေးအနေဖြင့် နေ့စား၊ အလုပ်သင်၊ လခစားစသည့် ပုံစံမျိုးစုံဖြင့် အလုပ်များ လုပ်ကိုင်ကြရပါသည်။

နေ့စားလုပ်ကိုင်သော ကလေးများတွင် အများစုသည် လုပ်အားခအနေဖြင့် တစ်ရက်လျှင် (၁,၅၀၀)ကျပ်မှ (၃,၀၀၀)ကျပ်အထိ ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ရသည့် ကလေးတစ်ဦး၏ အလုပ်ချိန် အလုပ်လုပ်ရသော ကြာချိန်သည် အနည်းဆုံး (၆) နာရီမှ အများဆုံး (၈) နာရီအထိ ရှိပါသည်။

အလုပ်သင်အနေဖြင့် အလုပ်လုပ်နေရသော ကလေးတချို့သည် မုန့်ဖိုး/ လမ်းခရီးစရိတ်အဖြစ် (၅၀၀)ကျပ်မှ (၁,၅၀၀)ကျပ်အထိ ရရှိကြသည်။ လက်သမား၊ ပန်းရံ၊ လမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကလေးများတွင် လုပ်ခအနေဖြင့် (၄,၅၀၀)ကျပ်မှ (၅,၀၀၀)ကျပ်အထိ ရရှိကြသည်ကို တွေ့ရှိရပါသည်။

လခစားဖြင့် လုပ်ကိုင်ကြသော ကလေးများ၏ လစာသည် (၃၀,၀၀၀)ကျပ်မှ (၆၀,၀၀၀)ကျပ်အထိ ရှိပါသည်။ အချိန်ပြည့် အလုပ်လုပ်နေရသော ကလေးများ၏ အလုပ်,လုပ်ချိန်သည် အနည်းဆုံး (၉)နာရီမှ အများဆုံး (၁၂)နာရီကျော်အထိ အလုပ်လုပ်ကြရပါသည်။

သုတေသနစစ်တမ်းအရ အများစုသည် အလုပ်လုပ်ချိန်၊ လုပ်အားနှင့် လုပ်ခလစာတို့၌ ခေါင်းပုံဖြတ်ခံရမှုများ ရှိနေသည်ကို တွေ့ရှိရပါသည်။

## အလုပ်လုပ်နေရသော ကလေးများ၏ အခက်အခဲများနှင့် ရင်တွင်းခံစားချက်များ

အလုပ်လုပ်နေရသော ကလေးများသည် အန္တရာယ်ကျရောက်နိုင်သော လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေကြရပါသည်။ သုတေသနစစ်တမ်းတွေ့ရှိချက်များအရ ပန်းရံ၊ ပဲကြော်ဖို၊ သစ်စက်၊ ယာဉ်နောက်လိုက်၊ စားပွဲထိုး၊ အုတ်ဖို၊ ဂက်စ်ပို့ခြင်း၊ စောင်အရောင်းအဝယ်၊ ပဲနှုတ်၊ ပေါင်းသင်ခြင်းစသည့် လုပ်ငန်းများတွင် အမြင့်မှ ချော်ကျခြင်း၊ သစ်တုံးများစီရာတွင် ပြုတ်ကျသဖြင့် သစ်တုန်းပိခြင်း၊ ဆီပူစင်ခြင်း၊ ဘိလပ်မြေဖျော်ထားသည့် ဒယ်အိုးသယ်သည့်အခါ ထိခိုက်မှုများရှိခြင်း (ပိခြင်း)၊ ကားနောက်လိုက်ရင်း ဂျမ်းတုံးခုရာတွင် အန္တရာယ်ရှိခြင်း၊ စားသောက်ဆိုင်သို့ လာရောက်သည့် စားသုံးသူအချင်းချင်း ရန်ဖြစ်ပါက အန္တရာယ်ရှိခြင်း၊ ရခိုင်ဘက်သို့ စောင်ရောင်းသွားသောအခါမျိုးတွင် တောင်ပေါ်ကို တက်လျှင် ဆိုင်ကယ်ဘီး ထောင်ကျခြင်းစသော အန္တရာယ်များရှိခြင်း စသည်တို့ကို သိရှိရပါသည်။

အလုပ်လုပ်နေရသော ကလေးအများစုသည် ဝမ်းနည်းခြင်း၊ စိတ်ဖိစီးခြင်း၊ စိတ်ညစ်ခြင်း၊ ပင်ပန်းခြင်း၊ စိတ်အားငယ်ခြင်း၊ သိမ်ငယ်ခြင်း၊ စိုးရိမ်ပူပန်မှုရှိခြင်း၊ မနိုင်ဝန်ထမ်းရသည့်အတွက် အဆင်မပြေခြင်း၊ မိဘနှင့် ခွဲရ၍ စိတ်မကောင်းခြင်း၊ အိမ်ပြန်ချင်ကြခြင်းနှင့် ကျောင်းတက်ချင်ကြခြင်း စသည်တို့ကို တွေ့ကြုံခံစားနေကြရပါသည်။ အချိန်မတိုင်ခင် အလုပ်လုပ်ရသည့်အတွက် မနိုင်ဝန် ထမ်းကြရခြင်း၊ အလုပ်ရှင်ဆီမှ လုပ်အားခ ထုတ်ချိန်တွင် အချိန်မှီမရရှိခြင်း၊ ရခိုင်သွားသည့် သွားရေးလာရေး အခက်အခဲဖြစ်ခြင်း၊ နေပူဒဏ် မခံနိုင်ခြင်း၊ အစာ စားချိန်မမှန်ခြင်း၊ ကျောင်းမတက်ရခြင်း၊ ရွာတွင် နေ့တိုင်း အလုပ်မလုပ်ရခြင်း၊ ဝင်ငွေမရှိခြင်း၊ အဆောက်အဦ အမြင့်ပေါ်တက်ရခြင်း၊ အလုပ်ခွင်မှာ ထိခိုက်မှု ရှိနိုင်ခြင်း၊ အလုပ်ချိန် ပိုခိုင်းခြင်း စသည့် အခက်အခဲများရှိသည်ကို တွေ့ရှိရပါသည်။

## အလုပ်သမားဥပဒေမှ သတ်မှတ်ထားသည့် တစ်ရက်လျှင် အနိမ့်ဆုံးလုပ်အားခ ရရှိနေမှု/ မရရှိနေမှု အခြေအနေများ

အလုပ်လုပ်နေရသည့်ကလေးများတွင် ပန်းရံ၊ လက်သမား၊ လမ်းလုပ်ငန်းစသည့် အလုပ်ကြမ်း လုပ်ရသော လုပ်ငန်းတို့တွင် လုပ်အားခ တစ်ရက်လျှင် (၄,၈၀၀)ကျပ် ရရှိကြပါသည်။ သို့သော် အချို့သော လုပ်ငန်းများတွင် အလုပ်ရှင်က ပေးသော်လည်း အလုပ်သမားခေါင်းဆောင်များနှင့် ပွဲစားများက ကြားဖြတ်ယူသည့်အတွက် ကလေးအလုပ်သမားများအနေဖြင့် အပြည့်အဝ မရရှိသည်ကို တွေ့ရှိရပါသည်။ တစ်ရက်လုပ်အားခ (၄,၈၀၀)ကျပ် မရရှိသည့် ကလေးများသည် အသက်ငယ်ရွယ်ခြင်း၊ စရိတ်ငြိမ်း အလုပ်လုပ်ရခြင်း၊ ဒေသမှ သတ်မှတ်ထားသော ဈေးနှုန်းရှိနေခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများတွင် သတ်မှတ်ထားသော်လည်း မရရှိသေးခြင်း စသည်တို့ကိုလည်း တွေ့ရှိရပါသည်။

## အလုပ်လုပ်နေသော ကလေးများအတွက် တာဝန်ရှိသူများမှ ပြုလုပ်ပေးစေလိုသော အရာများ

အလုပ်လုပ်နေရသော ကလေးများအတွက် တာဝန်ရှိသူများမှ ပြုလုပ်ပေးစေချင်သည့် အကြောင်းအရာများမှာ ကလေးများ၏ မိဘများကို အလုပ်အကိုင်အခွင့်အလမ်းများ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဖန်တီးပေးခြင်း၊ ကလေးများဝါသနာပါသောအသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်ပေးခြင်း၊ ပညာသင်စရိတ်များ ထောက်ပံ့ပေးခြင်း၊ အစိုးရမှ မိဘများကို အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ အလုပ်ရှင်များကို သက်ဆိုင်သည့် ဥပဒေများကို အသိပေးပြောကြားခြင်း၊ တိတိကျကျ သက်မှတ်သည့် အလုပ်ချိန်ကို အလုပ်ရှင်များနှင့် အခြားသူများအား အသိပညာပေးခြင်း၊ ကလေးများ သွားလာရ လွယ်ကူသည့် နေရာတို့တွင် အထက်တန်းကျောင်းများကို ဖွင့်ပေးခြင်း၊ ၎င်းတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှု၊ ထောက်ပံ့မှုများ ပေးခြင်းနှင့် အလုပ်နားနေချိန်တွင် ဝါသနာပါသော အတတ်ပညာတစ်ခုခုကို အခမဲ့ သင်ကြားပေးစေလိုကြသည်ကို တွေ့ရှိရပါသည်။

### ခန္ဓာကိုယ် မြေပုံရေးဆွဲခြင်း

| ခန္ဓာကိုယ် အစိတ်အပိုင်း | ကြိုက်တာ | မကြိုက်တာ |
|---|---|---|
| မျက်လုံး | ကျောင်းသွားရတဲ့ ကလေးတွေကြည့်ပြီး မြင်ရတာ ကြိုက်တယ်၊<br>မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေရတာကို မြင်ရတာကြိုက်တယ်၊<br>ကလေးတွေ ကျောင်းတက်တာ မြင်ရတာ ကြိုက်တယ်၊<br>ချိုချိုသာသာ ပြောတာကို မြင်ရတာ ကြိုက်တယ်၊<br>အလုပ်သမားအချင်းချင်း တည့်တည့်ရှုရှု မြင်ရတာ ကြိုက်တယ် | ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံတာမကြိုက်ဘူး၊<br>စရိုက်ဆိုးတွေမြင်ရတာ မကြိုက်ဘူး၊<br>အရက်မူးနေတဲ့ သူကို မကြိုက်ဘူး၊<br>ကလေးတွေ ပဲကောက်နေတာ မြင်ရတာ မကြိုက်ဘူး၊<br>ပေါင်းထိုးတာ မကြိုက်ဘူး၊<br>ကလေးတွေ နေပူထဲမှာ ပေါင်းထိုးနေရတာ မကြိုက်ဘူး၊<br>နှမ်းနှုတ်တာကိုမကြိုက်၊<br>မိဘရန်သတ်တာ မမြင်ချင်ဘူး၊<br>ရန်သတ်တာတွေမြင်ရင် မကြိုက်ဘူး၊<br>စျေးရောင်းရတာ မကြိုက်ဘူး၊<br>နေပူတာမကြိုက်ဘူး၊<br>ပဲဆွတ်ရတာကို မကြိုက်ဘူး၊<br>ထိုင်းနိုင်ငံသွားရတာကို မကြိုက်ဘူး၊<br>ပင်ပန်းသော အလုပ်လုပ်နေသူတွေကို မြင်ရတာ မကြိုက်ဘူး၊<br>ဝမ်းနည်းတာ မြင်ရတာကို မကြိုက်ဘူး၊ |

| | | |
|---|---|---|
| | | အလုပ်ရှင်က ရိုက်နေတာကို မြင်ရတာ မကြိုက်ဘူး၊<br>ကလေးတွေ ရန်ဖြစ်တာ မြင်ရတာ မကြိုက်ဘူး၊<br>မသက်တဲ့ (မယုံကြည်တဲ့) မျက်လုံးနဲ့ ကြည့်တာမကြိုက်ဘူး၊<br>အလုပ်ထဲမှာ ရိုင်းရိုင်းစိုင်းစိုင်း အပြုအမူတွေ မကြိုက်ပါ။ |
| နား<br> | ကောင်းတာတွေ ကြားရတာကို ကြိုက်တယ်၊<br>ချိုချိုသာသာမေးတာ ကြိုက်တယ်၊<br>ကောင်းကောင်း မွန်မွန် ပြောတာကို ကြားချင်တယ်၊<br>ချင့်ချိန်ပြောဆိုနေတဲ့ အသံတွေ ကြားနေရတယ်၊<br>အလုပ်အကြောင်း ပြောတာ ကြားရတယ်၊<br>အလုပ်ထဲမှာ ယဉ်ကျေးစွာ ဆက်ဆံ ပြောဆိုတာကြိုက်တယ်၊<br>ချိုသာစွာ ပြောတာကြိုက်တယ်။ | အလုပ်ရှင်က မာန်တာ၊ ဆူတာ၊ ဆဲဆိုခံရတာ မကြိုက်ဘူး၊<br>အသုံးမကျဘူး ကလေးတန်ပေမဲ့ သွက်သွက်လက်လက် မပြောတာကို ပြောရင် မကြိုက်ဘူး၊<br>စက်သံတွေ ဆူညံသံတွေ ကြားရတာ မကြိုက်ဘူး၊<br>သူငယ်ချင်းတွေ အိမ်မှာ အဆင်မပြေတာ ကြားနေရတာ မကြိုက်ဘူး။ |
| နှလုံးသား | ပျော်ပျော်ရွှင်ရွှင် နေရတာ၊<br>စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှု<br>လေအေးအေးနဲ့ အေးအေးချမ်းချမ်း နေရတာ ကြိုက်တယ်၊<br>မိသားစု ပျော်ပျော်ရွှင်ရွှင် နေထိုင်ရတာကို ကြိုက်တယ်၊<br>စာဖတ်ရတာကို ကြိုက်တယ်၊<br>အလုပ်ထဲမှာ အပေါင်းသင်းတွေနဲ့ ပျော်တယ်။ | မိဘရန်ဖြစ်တာကို မကြိုက်ဘူး၊<br>ဆဲတာဆိုတာ ရန်သတ်တာ မကြိုက်ဘူး၊<br>အလုပ်မလုပ်ချင်ဘူး၊ ငိုရတာမကြိုက်ဘူး၊<br>စိတ်ဆင်းရဲတာကို မကြိုက်ဘူး၊<br>စိတ်ညစ်တာမကြိုက်။ |
| လက်<br> | ဟိုတယ်တွေ စီးပွားရေးနဲ့ ပတ်သက်တာတွေ လေ့လာချင်တယ်၊<br>စာရေးရတာ ကြိုက်တယ်၊<br>ကျောင်းထဲမှာ စာရေးရတာကြိုက်တယ်၊<br>စာအုပ်ကိုင်ပြီး ဖတ်ရတာကို ကြိုက်တယ်၊ | တောထဲ သွားရတာကို မကြိုက်ဘူး၊<br>ဆေးရွက်ကြီးတွေ သယ်လို့ရှိရင် မကြိုက်ဘူး၊ ပျက်စီးသွားမှာ စိုးလို့၊<br>ပစ္စည်းမတဲ့ အခါကျရင် မကြိုက်ဘူး၊<br>ပဲကြီးကို ကိုင်ရတာမကြိုက်ဘူး၊ |

| | | |
|---|---|---|
| | လွတ်လွတ်လပ်လပ် အလုပ်လုပ်ရတာ ကြိုက်တယ်၊<br>စက်ချုပ်ရတာ ကြိုက်တယ်၊<br>ကစားရတာကို ကြိုက်တယ်။ | သစ်သား အပြဲတွေကို ကော်နဲ့ အပေါက်ဖာရတာ မကြိုက်ဘူး၊<br>အမွေးတိုင်လိပ်ရတာ မကြိုက်ဘူး၊ လက်နဲ့ ပေါင်းထိုးမြက်နှုတ်နေရတာကို မကြိုက်ဘူး၊<br>ပေါင်းထိုးရတာမကြိုက်ဘူး၊ ရေပုံး,မရတာ မကြိုက်ဘူး။ |
| ခြေထောက်<br> | ခြေထောက်နဲ့ ကျောင်းသွားရတာကို ကြိုက်တယ်၊<br>ဘုရားဖူးသွားရတာကို ကြိုက်တယ်။ | တောထဲသွားရတာ မကြိုက်ဘူး၊<br>သူများနေရာမှာ သွားအလုပ် မလုပ်ချင်ဘူး၊<br>တောသွားရတာ မကြိုက်ဘူး နေပူလို့<br>ညဘက်ပြန်လာရင်မှောင်တယ်၊<br>ညဥ့်နက်တော့ ပြန်လာရတာ မကြိုက်ဘူး၊<br>အိမ်ကလည်း လာကြို စရာမရှိတော့ တစ်ယောက်ထဲ ပဲပြန်ရတယ်<br>ညဘက်ပြန်လာရတာ မကြိုက်ဘူး။ |

**သဘောတူသည်/ ကြားနေ/ သဘောမတူပါ**

| စဉ် | အကြောင်းအရာ | ပါဝင်တက်ရောက်သူများ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | ဖြိုး | တည် | မဲ့ | |
| ၁ | ကလေးတွေက အလုပ်လုပ်ရတာကို ကြိုက်သည်။ | ၂၂ | ၅ | ၄၇ | ၇၄ |
| ၂ | ဆင်းရဲတဲ့ ကလေးတိုင်းအလုပ်လုပ်သင့်သည်။ | ၄၁ | ၁၂ | ၂၁ | ၇၄ |
| ၃ | ကျောင်းမနေတဲ့ ကလေးတိုင်း အလုပ်လုပ်သင့်သည်။ | ၄၃ | ၁၆ | ၁၅ | ၇၄ |
| ၄ | အလုပ်လုပ်သော ကလေးတိုင်း အချိန်အကြာကြီး အလုပ်လုပ်သင့်သည်။ | ၁၄ | ၆ | ၅၄ | ၇၄ |
| ၅ | ၁၄ နှစ် အထက် ကလေးတိုင်း အလုပ်လုပ်သင့်သည်။ | ၂၆ | ၁၄ | ၃၄ | ၇၄ |
| ၆ | အလုပ်လုပ်နေသော ကလေးတိုင်း အလုပ်နှင့်ညီမျှသော လုပ်အားခရ သင့်သည်။ | ၇၁ | ၀ | ၃ | ၇၄ |
| | **စုစုပေါင်း** | **၂၁၇** | **၅၃** | **၁၇၄** | **၄၄၄** |

**နေ့စဉ်ဘဝ**

အလုပ်လုပ်နေရသော ကလေးများအနေဖြင့် နေ့စဉ်ဘဝတွင် အလုပ်လုပ်နေချိန်မှာ လူကြီးများ နှင့် တန်းတူဖြစ်နေခြင်း၊ ကလေးတစ်ဦးအနေဖြင့် အလုပ်ချိန်ကို အကြာကြီးအလုပ်လုပ်နေရသည့်အတွက် ကစားခွင့်၊ အပန်းဖြေအနားယူခွင့်၊ အခြားဗဟုသုတများ ဆည်းပူးလေ့လာခွင့်၊ ပေါင်းသင်းဆက်ဆံခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊ မိသားစုနှင့် နွေးထွေးစွာ နေထိုင်ခွင့်စသည့် အခွင့်အရေးများစွာကို ဆုံးရှုံးနေပြီး နေ့စဉ်ဘဝကို ဖြတ်သန်းနေရပါသည်။

| နေ့စဥ်ဘဝ | ကြိုက်တယ် | မကြိုက်ဘူး |
|---|---|---|
| **နံနက် ၅း၀၀ - ၈း၀၀** | အိပ်ယာထ၊ နောက်ချေးကျုံးတယ်၊<br>ဘုရားဆွမ်းကပ်တယ်၊<br>သောက်ရေအိုးရေဖြည့်တယ်၊ အမှိုက်လှဲတယ်၊<br>သနပ်ခါးလိမ်း(နေပူထဲသွားရမှာ မလို့)၊<br>လုပ်ငန်းမှီအောင်ထရတာ၊ အိမ်ကိုကူရလို့ ။ | စောစောထရတာမကြိုက်ဘူး၊<br>အေးရင်မထချင်ဘူး၊ အစောကြီးထရလို့<br>အိပ်ယာအစောကြီး ထရလို့ မကြိုက်ဘူး၊<br>အိပ်ယာထ (အစောကြီးမထချင်ဘူး)၊<br>ဈေးရောင်းသွားရတယ်၊<br>အလုပ်သွား (မသွားချင်ဘူး)။ |
| **၈း၀၀-၁၁း၀၀** | အလုပ်နား၊ ထမင်းစား၊ ထမင်းစားခိုင်းတယ်၊<br>နားတယ် | စားဝတ်နေရေးကြောင့်အလုပ်လုပ်ရတယ်၊<br>အလုပ်သွား၊ ပန်းရံအလုပ်သွား၊ ထမင်းချက်၊<br>နွားကျောင်းတယ်။ |
| **၁၂း၀၀-၁း၀၀** | ထမင်းစားခိုင်းတယ် ၊ အလုပ်နားရလို့<br>စကားတွေပြောကြတယ်။ | အလုပ်ပြန်လုပ်၊<br>ထမင်းစားရတာ အချိန်လွန်တယ် |
| **၅း၀၀-၆း၀၀** | အလုပ်သိမ်းအိပ်ပြန်ရလို့ မြန်မြန်ပြန်ရလို့<br>ညစာစား၊ ပြန်လာ၊ ရေချိုး၊ ဘုရားရှိခိုး၊<br>စာကြည့်၊ ထမင်းစား၊ မှောင်မှပြန်ရတယ်။ | |
| **ည ၇း၀၀- ၉း၀၀** | တီဗီကြည့် ၊ ထမင်းစား ၊ ဇာတ်ကားကြည့်၊ အိပ် | နောက်ကျမှ ဆိုင်သိမ်းလို့ အိပ်ချိန်မှီလို့<br>အိပ်ရေးမဝလို့ မကြိုက်ဘူး။ |
| **ညပိုင်း ၁၀း၃၀ - နောက်တစ်နေ့ နံနက် ၂း၀၀ (အလုပ်တွင် နေသော ကလေး)** | ဗိုက်ဆာတဲ့ အချိန်စားရလို့<br>လုပ်ဖော်ကိုင်ဘက်နဲ့နေရလို့ အတူကစားရလို့<br>အလုပ်လုပ်ရင်း ပညာရလို့<br>မိသားစုတွေ အတူ ထမင်းစားရမှာမို့လို့။ | ကျန်းမာရေး ထိခိုက်မှာစိုးလို့ ထမင်းစားတာ<br>အချိန်မမှန်ရင် မကြိုက်ဘူး၊<br>အရမ်းဗိုက်ဆာပြီး နောက်ကျမှ စားရလို့<br>ခေါင်းပုံဖြတ်ခံလို့မကြိုက်ဘူး၊ ကလေး<br>အလုပ်ချိန်ထက်ပိုသွားလို့ အိပ်ရေးမဝလို့<br>အနားယူချိန်နည်းလို့ အိပ်ယာမထချင်ဘူး၊<br>တစ်ခေါက်သွားမှ တစ်ခေါက်ပိုက်ဆံရလို့<br>အလုပ်ချိန် ပုံမှန်မဟုတ်လို့ တစ်နှစ်မှ<br>တစ်ခါပြန်ရလို့ အိမ်ကဆူလို့ ထမင်းစားပြီး<br>အလုပ်တန်းဝင်ရလို့ သူများဆီ နေရတော့<br>မလုပ်မဖြစ်မို့ လုပ်ရတယ်၊ အိပ်ချင်တယ်၊<br>ပင်ပန်းတယ်၊ အိမ်မပြန်ချင်လို့<br>(အကြွေးတောင်းတဲ့ သူလာလို့)၊ ခဏ<br>နားချင်လို့ မိုးချုပ်လွန်းလို့ အဆာလွန်လို့<br>စိတ်ထဲ ပျင်းတဲ့အချိန် မသွားချင်ဘူး၊<br>ထမင်းစားချိန်ကျော်သွားလို့ ဗိုက်လေးလို့<br>အချိန်မမှန်၊ နားချိန်မနားရလို့<br>အိပ်ရေးပျက်လို့ မောမောနဲ့<br>ချက်ချင်းလုပ်ရလို့။ |

## ရည်မှန်းချက် ပန်းတိုင်

အလုပ်လုပ်နေရသော ကလေးများအနေဖြင့် ၎င်းတို့၏ ဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အတွက် ကဏ္ဍအလိုက် တာဝန်ရှိသူများကို ပြုလုပ်ပေးစေလိုသော၊ ဖြည့်ဆည်းပေးစေလိုသော အကြောင်းအရာများကို အကြံပြုတောင်းဆိုထားပါသည်။

### (ဂ) သုံးသပ်လေ့လာခြင်း

သုတေသနပြုလုပ်သည့် ကလေးများမှ ခေါင်းစဉ်ရွေးချယ်ခြင်းနှင့် အချက်အလက်များ ကောက်ယူရာတွင် ရရှိသည့်အကြောင်းအရာများသည် ကိုက်ညီလုံလောက်မှု ရှိနေသည်/ မရှိနေသည်ကို ပြန်လည်ဆွေးနွေးတိုင်ပင်ကြပါသည်။ မေးခွန်းများနှင့် အဖြေများအား တူညီသည့် အချက်အလက်များ စုစည်းခြင်း၊ တွေ့ရှိချက်များသည် မိမိတို့ ရပ်ရွာအတွင်းရှိ ကလေးများ၏ အမှန်တကယ်ကြုံတွေ့နေရသော အခက်အခဲများ ဖြစ်ကြောင်းကို သက်ဆိုင်ရာ ရပ်မိရပ်ဖများနှင့်လည်း အတည်ပြုထားခြင်း၊ လိုအပ်သော အချက်အလက်များကို ဓါတ်ပုံများ၊ ဂရပ်များဖြင့် ပြသခြင်း၊ တင်ပြဆွေးနွေးရန်အတွက် သုတေသနပြုလုပ်မည့် စာအုပ်ဒီဇိုင်းအတွက် ပြင်ဆင်ခြင်းတို့ ဖြစ်ပါသည်။

သုတေသနပြုလုပ်သည့် ကလေးများ တိုင်ပင်ဆွေးနွေးမှု အစီအစဉ်တွင် မေးခွန်းများ တူရာစုစည်းခြင်း၊ အသုံးပြုသည့် နည်းလမ်းများတွင် တွေ့ရှိချက်များကို ဆွေးနွေးကြခြင်း၊ ဖြစ်ရပ်မှန် ရွေးချယ်ခြင်း၊ သုတေသနပြုလုပ်သူများ၏ အတွေ့အကြုံ၊ ခံစားချက်များနှင့် ရင်တွင်းစကားများ၊ တွေ့ဆုံမေးမြန်းခဲ့သည့် လူဦးရေနှင့် ရပ်ရွာများ၏ အခြေအနေများကို စုဆောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြပါသည်။

## သုတေသနတွေ့ရှိချက်များအရ တာဝန်ရှိသူများအား အလုပ်လုပ်နေရသော ကလေးများမှ ပြုလုပ်ဆောင်ရွက်ပေးစေလိုသော အရာများ

**နိုင်ငံအဆင့်** - စီးပွားရေး အဆင်မပြေသော ကလေးတွေအတွက် မိဘများကို ငွေကြေးထောက်ပံ့ ပေးစေချင်တယ်၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများ ဆောက်လုပ်ပေးစေချင်တယ်၊ ကလေးတွေကို တရားဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်တွေ မလုပ်စေချင်ဘူး (အရက်သေစာ ရသော စားသောက်ဆိုင်များ)၊ လူကြီးများနှင့် ကလေးများကို လုပ်အားခ ပိုက်ဆံကို တန်းတူညီမျှ ပေးစေချင်တယ်၊ အလုပ်ချိန်ကို အတိအကျလုပ်ပေးစေချင်တယ်၊ ကလေးတွေနဲ့ ကိုက်ညီတဲ့ အလုပ်အခွင့်အလမ်းများ ပြုလုပ်ပေးစေချင်တယ်၊ အသက်မပြည့်သေးတဲ့ ကလေးတွေကို အလုပ်ခိုင်းစေမှု မရှိစေချင်ဘူး၊ (၁၀) တန်းအထိ အခမဲ့ ပညာသင်ကြားရေး ရရှိစေချင်တယ် (အခြားကောက်ယူသော စရိတ်များ မရှိစေချင်ဘူး)၊ အနည်းဆုံးလုပ်ခလစာ တစ်ရက်လျှင် (၄,၈၀၀)ကျပ်နှုန်းထားကို အလုပ်ရှင်များမှ အမှန်တကယ်ပေးအောင် ဆောင်ရွက်ပေးစေချင်တယ်၊ လစာ တိတိကျကျ သတ်မှတ်ထားသင့်တယ်၊ ကလေးများအား ၎င်းတို့ဝါသနာပါသော အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ပေးစေချင်တယ်၊ သင်ကြားပေးရာတွင်လည်း အခမဲ့ သင်ကြားပေးစေချင်တယ်။

**တိုင်းဒေသကြီးအဆင့်** - ကလေးများ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်စေရန် ပညာသင်စရိတ် ထောက်ပံ့ပေးစေချင်တယ်၊ အလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းများ ဆောက်လုပ်ပေးစေချင်တယ်၊

ဝင်ငွေကောင်းသော လုပ်ငန်းများ ချပေးစေချင်တယ် (မိဘများမှ ဝင်ငွေကောင်းလျှင် ကလေးများ အလုပ်မလုပ်ရတော့ဘူး)၊ ကျောင်းမနေတဲ့ ကလေးတွေကို ပညာသင်ကြား ခွင့်ရရှိစေဖို့ တိုက်တွန်းပေး စေချင်တယ်၊ ပညာသင်စရိတ် လျှော့ပေးစေချင်တယ် (အခြားသော စရိတ်များ မကောက်ခိုင်းတာ)၊ ခေါင်းပုံဖြတ်ခံရတဲ့ ကလေးတွေ မရှိဖို့ သက်ဆိုင်သူများအား အသိပညာပေးချင်တယ်၊ လုပ်ခလစာနဲ့ ပတ်သက်ပြီး သေချာပြောပေးစေချင်တယ်၊ ကျန်းမာရေးလည်း စောင့်ရှောက်ပေးစေချင်တယ်၊ ကလေးတွေကို မနိုင်တဲ့ အလုပ်တွေကို မခိုင်းစေချင်တယ် (ကလေး တွေရဲ့ အသက်နဲ့မညီဘဲ လုပ်နေရတဲ့ မနိုင်ဝန်များကို မလုပ်ရအောင် အလုပ်ရှင်များကို ပြောပေးစေချင်ပါတယ်)။

**မြို့နယ်အဆင့်** - အလုပ်လုပ်နေရတဲ့ ကလေးတွေကို အသိပညာများ ရရှိလာအောင် အလုပ်နဲ့ပတ်သက်တဲ့ အကြောင်းအရာများသိရှိအောင် လုပ်ပေးစေချင်တယ်၊ မိဘများအား စီးပွားရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးစေချင်တယ်၊ ပညာသင်စရိတ် ထောက်ပံ့ပေးစေချင်တယ်၊ ကလေးတွေအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို သက်ဆိုင်ရာ အဆင့်ဆင့် (မြို့နယ်မှ ကျေးရွာ အဆင့်ထိ) အလိုက် အသိပညာပေးစေချင်တယ်၊ အတတ်ပညာများ (စက်ချုပ်၊ ကား/ ဆိုင်ကယ်ဝပ်ရှော့၊ ဖုန်းပြုပြင်ရေးစသည့် သင်တန်းများကို ပေးစေချင်ပါတယ်) အခမဲ့ သင်ကြားပေးစေချင်တယ်၊ ကျန်းမာရေး ထောက်ပံ့ ပေးစေချင်တယ်။

**ကျေးရွာအဆင့်** - လူကြီးများအနေဖြင့် ရပ်ရေးရွာရေးနှင့် ကလေးများ အန္တရာယ်မကျရောက်အောင် ကျန်းမာရေးစောင့်ရှောက်မှုရအောင် ကာကွယ်ပေးစေချင်တယ်၊ အလုပ်ရှင်များမှ လုပ်ခ၊ လစာကို ပိုက်ဆံညီတူညီမျှ ပေးစေချင်တယ်၊ အချိန်ကြာကြီး အလုပ်မလုပ်ခိုင်းစေချင်ဘူး၊ ခွန်အားနဲ့ ညီမျှတဲ့ အလုပ်ကိုပဲ လုပ်စေချင်တယ်၊ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများကို ခွဲခြား၍ မခေါ်စေချင်ဘူး၊ ကျောင်းမနေချင်တဲ့ ကလေးတွေကို နေချင်လာအောင် ရပ်ရွာလူကြီးတွေက မိဘတွေနဲ့ တိုင်ပင်လုပ်ဆောင် သင့်တယ်၊ မိဘတွေမှ ကလေးများကို ကျောင်းမထုတ်အောင် လုပ်ပေးစေချင်တယ်၊ ကျေးရွာတွင်းမှာရှိသော လုပ်ငန်းရှင်တွေကို အချိန်ပိုင်း ခေါင်းပုံဖြတ်ခံရမှု မရှိရလေအောင် အသိပညာပေး ဆွေးနွေးပွဲလေး လုပ်ပေးစေချင်တယ်၊ ကျေးရွာအတွင်းမှာ ဆိုင်ကယ်ပြင်သင်တန်းတွေ အခမဲ့ သင်ကြားပေးစေချင်တယ်၊ စာကြည့်တိုက်တွေ ဖွင့်ပေးခြင်းနှင့် စာအုပ်တွေကိုလည်း ထောက်ပံ့ပေးစေချင်တယ်၊ ကလေးများ ကျောင်းမတက်ချင်တာ ကျောင်းတက်ပြီးတော့ ပြဿနာတက်လို့လား မိဘများက ကျောင်းမှာ စုံစမ်းသင့်တယ်၊ မိဘတွေကို ကျောင်းမထုတ်ဖို့ တိုက်တွန်းစေချင်တယ်။

### (ဃ) တွေ့ရှိချက်များကို တင်ပြခြင်း

ကောက်ယူစုဆောင်းထားသော အချက်အလက်များကို သုံးသပ်လေ့လာခြင်းမှ ရရှိလာသော တွေ့ရှိချက်များကို တင်ပြတောင်းဆိုခြင်းများအနက်မှ မြို့နယ်အဆင့် တင်ပြတောင်းဆိုခြင်းအစီအစဉ်များကို မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့တွင် သက်ဆိုင်ရာမြို့နယ်များအလိုက် အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။

### မကွေးမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ တင်ပြခဲ့မှု အခြေအနေ

သုတေသနစစ်တမ်းကောက်ယူခြင်းမှ ရရှိလာသော အချက်အလက်များအား ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိချက်များကို မကွေးမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီထံသို့ သုတေသန

စစ်တမ်းကောက်ယူခဲ့သော ကလေးကိုယ်စားလှယ်များမှ (၈-၁၁-၂၀၁၈) ရက်နေ့၌ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကွန်မြူနတီစင်တာတွင် ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ဆွေးနွေးတင်ပြပွဲသို့ ကလေးကိုယ်စားလှယ် (၇) ဦး၊ မကွေးမြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့်အတူ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးရုံး၊ မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကော်မတီအတွင်းရေးမှူး ဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ကလေးကိုယ်စားလှယ်များမှ ၎င်းတို့ကိုယ်တိုင် စစ်တမ်းကောက်ယူခြင်းမှ ရရှိလာသော တွေ့ရှိချက်များဖြစ်သည့် အလုပ်လုပ်နေရသော ကလေးများ၏ အသက်အရွယ်၊ ကလေးအရေအတွက်၊ အလုပ်လုပ်နေရသော နေရာများ၊ အလုပ်အမျိုးအစားများ၊ လုပ်အားခနှင့် အလုပ်ချိန်များ၊ လုပ်ငန်းခွင်အတွင်း တွေ့ကြုံနေရသော အန္တရာယ်များ၊ အလုပ်လုပ်နေရသည့် အကြောင်းအရင်းများ၊ အလုပ်လုပ်နေရသော ကလေးများ၏ ခံစားချက်များနှင့် ပြောင်းလဲပြုလုပ်ပေးစေလိုသည့် အရာများကို တာဝန်ရှိသူများအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကလေးများ၏ တင်ပြတောင်းဆိုခြင်းများအပေါ် တာဝန်ရှိသူများမှ-

(၁) ကျောင်းမနေဘဲ အလုပ်လက်မဲ့ဖြစ်နေသော ကလေးစာရင်းများ ကောက်ယူ၍ ကျောင်းဆက်လက်တက်နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း၊

(၂) (၈)နှစ်အောက်ကလေးများသည် အလုပ်လုပ်နိုင်သည့်အရွယ် မဟုတ်သည့်အတွက် ထိုကလေးများကို ကော်မတီမှ ကျောင်းပို့နိုင်အောင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊

(၃) ဌာနဆိုင်ရာများပူးပေါင်း၍ ကလေးအဖွဲ့များအား သက်ဆိုင်ရာဌာနများမှ သင်တန်းများပေးရန် ပြုလုပ်ပေး မည်ဖြစ်ကြောင်း၊

(၄) ကလေးတစ်ဦးအား သတ်မှတ်ထားသော အချိန်ထက်ပို၍ အလုပ်လုပ်ခိုင်းပါက အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ကူညီပေးနိုင်ကြောင်း၊

(၅) ပိုင်ရှင်များ၊ အလုပ်ရှင်များကို ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ အသိပညာ ပေးမည် ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ကြပါသည်။

## ပခုက္ကမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ တင်ပြခဲ့မှု အခြေအနေ

သုတေသနစစ်တမ်းကောက်ယူခြင်းမှ ရရှိလာသော အချက်အလက်များအား ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိချက်များကို ပခုက္ကူမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီထံသို့ သုတေသန စစ်တမ်းကောက်ယူခဲ့သော ကလေးကိုယ်စားလှယ်များမှ (၈-၁၁-၂၀၁၈) ရက်နေ့၌ ပခုက္ကူမြို့နယ်၊ တော်ဝင်နန်းဟိုတယ်တွင် ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ဆွေးနွေးတင်ပြပွဲသို့ ကလေးကိုယ်စားလှယ် (၈) ဦး၊ ပခုက္ကူမြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့်အတူ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးရုံး၊ မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စီစစ်ရေး ဦးစီးဌာနမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများနှင့် ကော်မတီအတွင်းရေးမှူးဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ကလေးကိုယ်စားလှယ်များမှ ၎င်းတို့ကိုယ်တိုင် စစ်တမ်းကောက်ယူခြင်းမှ ရရှိလာသော တွေ့ရှိချက်များဖြစ်သည့် အလုပ်လုပ်နေရသော ကလေးများ၏ အသက်အရွယ်၊ ကလေးအရေအတွက်၊ အလုပ်လုပ်နေရသော နေရာများ၊ အလုပ်အမျိုးအစားများ၊ လုပ်အားခနှင့် အလုပ်ချိန်များ၊ လုပ်ငန်းခွင်အတွင်း တွေ့ကြုံနေရသော အန္တရာယ်များ၊ အလုပ်လုပ်နေရသည့် အကြောင်းအရင်းများ၊ အလုပ်လုပ်နေရသော ကလေးများ၏ ခံစားချက်များနှင့် ပြောင်းလဲပြုလုပ်ပေးစေလိုသည့် အရာများကို တာဝန်ရှိသူများအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကလေးများ၏ တင်ပြတောင်းဆိုခြင်းများအပေါ် တာဝန်ရှိသူများမှ-

(၁) ကလေးများဦးဆောင်သော သုတေသနပြုလုပ်ခြင်းစစ်တမ်းမှ တွေ့ရှိချက်များကို ကော်မတီအနေဖြင့် အသိအမှတ် ပြုလက်ခံကြောင်း၊

(၂) သုတေသနစစ်တမ်းကို ဦးဆောင်ခဲ့သည့် ကလေးများ၏ လုပ်နိုင်စွမ်းအားနှင့် အရည်အချင်းများကို ချီးမွမ်းပြောဆိုလိုကြောင်း၊

(၃) ကော်မတီအနေဖြင့်လည်း အလုပ်လုပ်နေရသော ကလေးများနှင့် ပတ်သက်၍ အလုပ်ရှင်များကို သေချာစစ်ဆေးခြင်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်းနှင့် အလုပ်ရှင်များ၊ မိဘများ၊ အလုပ်လုပ်နေရသော ကလေးများကို အလုပ်သမားဥပဒေများနှင့် ပတ်သက်၍ သိရှိလာရန် အသိပညာများပေးသွားမည်ဖြစ်ကြောင်း၊

(၄) အလုပ်လုပ်နေရသော ကလေးများအား ခေါင်းပုံဖြတ်မှုများ၊ ညဉ်းပန်းမှုများရှိခဲ့လျှင်လည်း တိုင်ကြားပေးစေလိုကြောင်းနှင့် အရေးယူဆောင်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊

(၅) ကော်မတီ၏ ရှေ့ဆက်လုပ်ငန်းစဉ်များတွင် အလုပ်လုပ်နေရသောကလေးများနှင့် ပတ်သက်၍ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## ၇။ ဖြစ်ရပ်မှန်များ

**ဖြစ်ရပ်မှန် (၁)** - မကွေးမြို့နယ်၊ မမာမာနွယ်၊ အသက် (၁၄) နှစ်မှ - သမီးမှာ အစ်ကိုနှစ်ယောက်၊ မောင်လေး တစ်ယောက်ရှိပါတယ်။ သမီး (၂) နှစ်လောက်မှာ မိဘနှစ်ပါးလုံး ဆုံးသွားခဲ့ပါတယ်။ သမီးတို့ မောင်နှမ (၄) ယောက်ဘဝက ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်ဖြတ်သန်းနေရပါတယ်။ အစ်ကိုတွေက ဘုန်းကြီးကျောင်းတွင်သာ စာဖတ်တတ်ရုံ နေခဲ့ရပါတယ်၊ သမီးကိုတော့ (၄)တန်းအထိ ပညာသင်ကြားစေခဲ့ပါတယ်။ ကျောင်းဆက်နေချင်ပေမဲ့ အိမ်အခြေအနေအရ မဖြစ်နိုင်တော့၍ ကျောင်းထွက်ပြီး ရွာထဲ ကူလီအလုပ်များနှင့်

နယ်ထွက်ကာ ရရာအလုပ်ကို ရိုးသားစွာ လုပ်ကိုင်ရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် လုပ်ကိုင်နေရပါတယ်။ အိမ်မှာ နေရသောအခါများတွင်လည်း ကုလားထိုင်များလုပ်ကာ အပိုဝင်ငွေများရအောင် ရောင်းချပါတယ်။ မပြေလည်မှုတွေများသာ သမီးဘဝအတွက် ကျောင်းတက်နေသော သူငယ်ချင်းများနှင့် တွေ့လျှင် အားကျပြီး ကိုယ့်ကိုကိုယ် အားငယ်သိမ်ငယ်စိတ်နှင့် မကျေမနပ်ဖြစ်မိပါတယ်။ ကိုယ့်ဘဝထက် မောင်လေးဘဝကို မြင်တိုင်း မျက်ရည်ကျခဲ့ရတဲ့ ရက်တွေလည်း မနည်းခဲ့ပါဘူး။ ကျောင်းနေအရွယ်မှာ ကျောင်းမနေခဲ့ရဘဲ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရတဲ့ သမီးတို့ မိဘမရှိတဲ့သူတွေအတွက် အားငယ်စရာပါ။ အစားအသောက် အဝတ်အစားလည်း ချို့တဲ့စွာ ဝတ်ဆင်ခဲ့ရပါတယ်။ ကိုယ့်ရပ်/ရွာ မိမိ,မိသားစုနဲ့ အတူတူမနေရဘဲ အခြားမြို့ရွာမှာ အရွယ်နဲ့မလိုက်အောင် ကြိုးစားရုန်းကန်နေရတဲ့ဘဝကို တွေးမိတိုင်း ဝမ်းနည်းအားငယ်မိပါတယ်။ ဒါကြောင့် မိဘမဲ့ကလေးများအတွက် တာဝန်ရှိသူများမှ အလုပ်ကိုင် အခွင့်အလမ်းများနဲ့ အသက်မွေးဝမ်းကျောင်း ပညာများ ထောက်ပံ့ပေးစေချင်ပါတယ်။ အစစအရာရာ မပြည့်စုံတဲ့ဘဝ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဘဝကို မကျေနပ်သော်လည်း ဘဝပေးမလှ၍ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘဆုံး၊ အရိပ်မရခဲ့ဘဲ မောင်နှမတွေ အချင်းချင်း တိုင်တိုင်ပင်ပင်နဲ့ ချစ်ချစ်ခင်ခင် အလုပ်ကို ရုန်းကန်ရင်း သမီးဘဝကို ကျေနပ်နှစ်သိမ့်နေခဲ့ရပါတယ်။

**ဖြစ်ရပ်မှန် (၂)** - မကွေးမြို့နယ်၊ မနုနုရည်၊ ကျွန်မကတော့ အသက်(၁၅)နှစ်ရှိပါပြီး (၈)တန်း ဖြေထားပါတယ်၊ အခုနှစ် ကျောင်းဖွင့်ရင်တော့ သမီးကျောင်းမတက်ဖြစ်လောက်တော့ပါဘူး၊ မိဘတွေက စီးပွားရေးအဆင်မပြေလို့ နားရမယ်လို့ ပြောပါတယ်၊ အတန်းကြီးရင် ပိုက်ဆံက တအားကုန်မှာလေ၊ မိဘတွေကိုငဲ့ပြီးမနေရတော့တာပါ၊ သမီးကျောင်းအရမ်းနေချင်တာ ပညာတတ်တစ်ယောက်ဖြစ်ချင်တာပါ၊ ကျွန်မအစ်ကိုလည်း ဖေဖေတို့မထားနိုင်လို့ မနေခဲ့ရဘူးလေ... ကျွန်မ၊ ကျောင်းမှာ ဆုတွေလည်း ရဖူးပါတယ်၊ စာလည်းကြိုးစားတယ်၊ ကျောင်းနားရက်တွေမှာ အလုပ်,လုပ်တယ်၊ နွေရာသီ ကျောင်းပိတ်ရက်တွေမှာလည်း တောလုပ်တောကိုင်တွေလုပ် ပေါင်းထိုးခဲ့ပါတယ်၊ တစ်နေ့လုံး မနက်(၆)နာရီမှ နေ့လယ် (၁၂)နာရီထိ၊ နေ့လယ်(၁)နာရီမှ ညနေ(၅)နာရီအထိ တစ်ရက်ကို (၄,၀၀၀)ကျပ် ရပါတယ်။ အခုတော့ အလုပ်ချည်းပဲ လုပ်ရတော့မယ်လေ... နေပူတော့ အရမ်းပင်ပန်းတာပေါ့၊ တစ်ခါတလေ ဝမ်းနည်းမိသလို တစ်ခါတလေလည်း မိဘကို လုပ်ကျွေးရတာပဲလို့ တွေးပြီးပျော်ပါတယ်၊ ကျောင်းဆက်တက်ပြီး ပညာသင်ကြားခွင့်ရမယ်ဆို အရမ်းပျော်မိမှာပေါ့၊ ဒါပေမဲ့လည်း မဖြစ်နိုင်လောက်တော့ပါဘူးလို့ ယူဆပြီး အခုလို အလုပ်လုပ်၊ မိဘလုပ်ကျွေးပြီး ကျေးဇူးဆပ်ရင်း၊ ပျော်ပျော်နေမယ်လို့ တွေးထားပါတယ်။

**ဖြစ်ရပ်မှန် (၃)** - ပခုက္ကူမြို့နယ်၊ မနွယ်နွယ်၊ အသက် (၁၇) နှစ်ပါ။ ကျွန်မကျောင်းမနေတော့ပါဘူး။ အိမ်စီးပွားရေး အဆင်မပြေလို့ ကျောင်းထွက်လိုက်ရတယ်၊ အခု ပဲကြော်တဲ့အလုပ်ကို လုပ်နေရပါတယ်၊ ပဲကြော်ရတာဆိုတော့ တစ်ခါတစ်လေမှာ ဆီပူမှန်တော့ မျက်နှာတွေလက်တွေ  အပူလောင်တာပေါ့၊ အလုပ်ရှင်ကလည်း ဆဲဆိုတာ များတယ်၊ ကိုယ်ထိလက်ရောက်မှုမျိုးတွေပဲ ခံနေရတယ်၊ အမှားနည်းနည်း လေးတွေကို အမှားအများကြီး ဖြစ်အောင် ပြောဆိုပြီး အပြစ်ရှာတယ်၊ တစ်ခါတစ်လေဆို အလုပ်ထွက်ချင်စိတ်တွေလဲ ဖြစ်မိတယ်၊ တစ်ခါတစ်လေတော့ အလုပ်ရှင်က အလုပ်သမားတွေကို ဘုရားဖူးလိုက်ပို့တော့လည်း အလုပ်ထွက်ချင်စိတ် ပျောက်ပြီး အလုပ်မှာ ပျော်လာမိတယ်၊ အလုပ်က ပဲကြော်တဲ့ အလုပ်ဆိုတော့ ဝတ်ချင်တဲ့ အဝတ်တွေ မဝတ်ရဘဲ အဝတ် အစုတ်တွေဝတ်ပြီး နေရတယ်၊ ထမင်းစားရတဲ့ အချိန်တွေလည်း မမှန်ဘူး။ အလုပ်မပြီးသေးရင်လည်း ထမင်းမစားရဘူး၊ ပဲကြော်မယ့်နေ့မရောက်ခင် ပဲကြော်မယ့်နေရာတွေကို သန့်ရှင်းရေးတွေ လုပ်ပေးနေရတယ်၊ ဒါပေမဲ့ ဘယ်နှစ်နာရီကြာကြာ ပိုက်ဆံမရဘူး။ ကျွန်မလုပ်ချင်နေတဲ့ ဘဝက ကျွန်မဖြစ်ချင်နေတဲ့ ဘဝမျိုး ဖြစ်မလာခဲ့ဘူး။ ကျွန်မဖြစ်ချင်တာက မိတ်ကပ်ပညာရှင်၊ လုပ်နေရတာက ပဲကြော်နေရတဲ့ဘဝ။ ဒါ့ကြောင့်

စိတ်ထိခိုက်မှု၊ စိတ်ညစ်မှုများဖြစ်ရတယ်၊ မိတ်ကပ်ပညာရှင်ဖြစ်ချင်ပေမဲ့ ကျောင်းမတက်ခဲ့ရဘူး။ စာမတတ်တော့ ဖြစ်ခွင့်မရှိခဲ့ဘူး၊ အလုပ်နဲ့ အိမ်ပဲဖြစ်နေတော့ ပြင်ပဗဟုသုတ တွေလည်း မရှိဘူး၊ ဒါ့ကြောင့် ဘုရားဖူးသွားရတော့ အရမ်းပျော်ရွှင်မိတယ်၊ အလုပ်ပြောင်းမယ်ဆိုတော့လည်း ပညာမတတ်၊ စာမတတ်တော့ ဘယ်အလုပ်မှလုပ်ဖို့ အဆင်မပြေဘူး ဖြစ်နေမိတယ်။

**ဖြစ်ရပ်မှန် (၄) -** ပခုက္ကူမြို့နယ်၊ မောင်အောင်အောင်၊ (၁၃) နှစ်ပါ။ ကျွန်တော့မှာ မွေးချင်း (၈) ယောက်ရှိတယ်။ ကျွန်တော့အထက်မှာ (၁၇)နှစ် အစ်ကိုတစ်ယောက်ရှိတယ်။ စပယ်ယာ အလုပ်လုပ်နေတယ်၊ ကျွန်တော့ထက် အငယ်က (၆) ဦးရှိတယ်၊ ကျွန်တော်က မုန့်ဖိုမှာ အလုပ်လုပ်တယ် ကျောင်းအလွန်နေချင်တယ်။ မိဘက အမှိုက်ကောက်တော့ မအားဘူး။ ကလေးတွေကို ထိန်းမယ့်သူ မရှိလို့ ကျောင်းထုတ်မယ် ပြောတယ်၊ ကျောင်းပိတ်ရက်မှာ သင်တန်းတက်ချင်တယ်။ အခုမုန့်ဖိုမှာ ထင်းတွေသယ်ရတော့ လက်တွေ ခိုက်မိတယ်။ ခါးတွေလည်း ခိုက်မိတယ် ကျောင်းပဲနေချင်တယ်၊ ကျောင်းထွက်ရင်လည်း အလုပ်ကြမ်းတွေပဲ လုပ်ရမှာ သိတော့ ကျောင်းပဲနေချင်တော့တယ်။ ကျောင်းထွက်ရင် အိမ်မှာရှိတဲ့ ညီ၊ ညီမတွေကို ထိန်းရတော့မှာနဲ့ အလုပ်ကြမ်းတွေ လုပ်ရတော့မှာလေ… အဖေကတော့ ကျွန်တော်ကျောင်းနေချင်လည်း မင်းသဘောလို့ ပြောတယ်၊ အမေကတော့ မိသားစုစားဝတ်နေရေးအတွက် ညီ/ ညီမတွေကို ထိန်းရမှာမို့လို့ ကျောင်းထွက်ရမယ်ပဲ ပြောနေတာလေ၊ ကျွန်တော့ ညီတစ်ယောက်က ချက်မှာ အနာဖြစ်နေတာဖြစ်လို့ ခွဲစိတ်ကုသခဲ့ရပေမဲ့ ပိုလီယိုဖြစ်သွားလို့ ကျွန်တော့ညီကို ကြည့်ပြီး နေ့တိုင်းအရွယ်နဲ့ မလိုက်အောင် စိတ်ညစ်နေမိတယ်ဗျာ… ကျွန်တော့ကိုဆို ပတ်ဝန်းကျင်က လူတွေကပါ မင်းကို ကြည့်ရမြင်ရတာ ညစ်ပတ်နံစော်နေတာပဲလို့ အမြဲပြောနေတာ၊ ကြားရတော့ စိတ်ညစ်ပြီး အားငယ်တယ်၊ ကျွန်တော့ မိဘက အမှိုက်ကောက်တဲ့ အလုပ်လုပ်နေရတာဆိုတော့ ကျွန်တော် သူငယ်ချင်းတို့ အိမ်ကိုသွားရင်လဲ သူတို့ မိဘတွေက ကျွန်တော့ကို ပစ္စည်းခိုးနိုးနိုး ဆိုပြီးတော့ စောင့်ကြည့်ခံနေရတယ်၊ ကျွန်တော့ရဲ့ အလုပ်ကတော့ မုန့်လုပ်တဲ့ဖိုမှာ ဟိုလူကခိုင်း၊ ဒီလူကခိုင်းနဲ့ တောက်တို အလုပ်တွေကို လုပ်နေရတာပါ။ အလုပ်တွေကတော့ များပေမဲ့ ရတဲ့နေ့စားခက တစ်နေကုန်မှ (၁,၅၀၀)ကျပ်ပဲ ရတယ်၊ ဒါတောင် သူတို့လောက် မလုပ်ရဘူးလို့ အမြဲတမ်းပြောခံနေရတယ်၊ အလုပ်နဲ့ အိမ်အကြောင်းကို တွေးမိရင် ကျောင်းပဲနေချင်တယ်၊ ဒါ့ကြောင့် တာဝန်ရှိသူ လူကြီးများကို ကျွန်တော်တို့လို အလုပ်လုပ်နေတဲ့ ကလေးတွေ အတွက် ကျောင်းနေနိုင်အောင် အစစအရာရာ အဆင်ပြေမယ့် ထောက်ပံ့မှုမျိုး ပေးစေချင်ပါတယ်။

## ၈။ သုတေသနပြုလုပ်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခဲ့ကြသူများ၏ အတွေ့အကြုံ၊ ခံစားချက်များနှင့် ရင်တွင်းစကားများ

"ယခင်ကခေါင်းဆောင်မှုအပိုင်းတွေလျော့နည်းနေပြီး CLPAR ပြုလုပ်ရတဲ့အတွက်အကျိုးကြောင့် ခေါင်းဆောင်မှုအပိုင်းတွေ မြင့်မားလာတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်…"

**မအိဆုပန်**၊ (၁၄) နှစ်

ဥက္ကဋ္ဌ၊ Future Stars ကလေးအဖွဲ့၊ ကျွန်းညိုကြီးကျေးရွာ၊ ပခုက္ကူမြို့နယ်

"တကယ့်တကယ် ရွာထဲမှာစစ်တမ်း သွားကောက်တော့ ကိုယ့်ကိုယ်ကို စိတ်လှုပ်ရှားတဲ့အတွက် စကားလုံးမှားတာတွေ အခက်အခဲရှိပါတယ်။ CLPAR ပြီးတော့ ကိုယ့်ကိုယ်ကို ရဲရင့်လာပြီး ကိုယ့်ကိုယ်ကိုပြောရဲဆိုရဲ ရှိလာတယ်လို့ထင်ပါတယ်။"

**မောင်ကောင်းထက်ဝေ**၊ (၁၃) နှစ်

ဆက်သွယ်ရေးမှူး၊ နေ့သစ်ရောင်ခြည်ကလေးအဖွဲ့၊ ထုံးပေါက်တောကျေးရွာ (မြောက်)၊ မကွေးမြို့နယ်

"...သုတေသန ပြုလုပ်တဲ့အချိန်မှာတော့ ကိုယ့်ရင်ထဲမှာ ဒီကလေးတွေရဲ့ ခံစားချက်ကိုနားလည်လာတယ် ပိုပြီးတော့လည်း သိလာပါတယ်။ သူတို့ကိုအားပေးနိုင်အောင် စောင့်ရှောက်နိုင်တဲ့သူဖြစ်အောင်လည်း ကြိုးစားမှာပါ..."

**မခိုင်သဇင်ဝေ**၊ (၁၆) နှစ်၊

အဖွဲ့ဝင်၊ စေတနာ့ဖြူစင် ကလေးအဖွဲ့၊ စမ်းကန်ကျေးရွာ၊ မကွေးမြို့နယ်

"...မေးခွန်းလေးတွေ မေးမြန်းရင်းနဲ့ တစ်ချို့ကလေးတွေဆို မျက်ရည်ပိုးပိုးပေါက်ပေါက်ကျတာတွေ ရှိတယ်။ ကျွန်မတို့ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်ခဲ့ရတယ်..."

**မကြည်ကြည်နိုင်၊** စီမံချက်အရာရှိ၊ SCVG

"CLPAR မလုပ်ခင်တုန်းက ကျွန်တော် လုပ်နိုင်ပါ့မလားဆိုပြီး ကလေးတွေအတွက် စစ်တမ်းကောက်နိုင်ပါ့မလားလို့ စိုးရိမ်နေတဲ့အတွေးတွေ ဝင်ခဲ့ပါတယ်။ နောက်ပြီး စစ်တမ်းကောက်နေတဲ့ အချိန်မှာသူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါးလည်း လုပ်ဆောင်ရတယ်လို့လည်း ခံစားရပါတယ်..."

**မောင်ထွန်းစည်သူ**၊ (၁၃) နှစ်၊

အဖွဲ့ဝင်၊ စေတနာဖြူစင်အသင်း၊ စမ်းကန်ကျေးရွာ၊ မကွေးမြို့နယ်

"CLPAR လုပ်ဆောင်ပီးတော့ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်သွားတယ်၊ ပြောရဲဆိုရဲရှိလာတယ်၊ ရဲရဲရင့်ရင့်နဲ့ ဆုံးဖြတ်တက်လာတယ်၊ စိတ်လည်း တည်ငြိမ်လာတာကိုလည်း တွေ့ရှိလာတယ်။"

**မောင်စောဝေယံနိုင်**၊ (၁၂) နှစ်

အဖွဲ့ဝင်၊ အနာဂတ်ရောင်ခြည်လေးများ ကလေးအဖွဲ့၊ ကျစ်စုံပွေးကျေးရွာ၊ မကွေးမြို့နယ်

"သူတို့လေးတွေဆိုလို့ရှိရင် ကျောင်းထွက်ပြီး အလုပ်လုပ်နေရတဲ့အတွက် သူတို့တွေ ကျောင်းပြန်နေချင်တဲ့စိတ်တွေ တွေ့ရှိခဲ့ရတယ်..."

**ကိုနန္ဒကျော်**၊ (၂၈) နှစ်

စေတနာ့ဝန်ထမ်း၊ ဆင်လမ်းကျေးရွာ၊ ပခုက္ကူမြို့နယ်

"သူတို့ကိုတွေ့ရှိတဲ့ အချိန်မှာတော့ နည်းနည်းစိတ်မကောင်း ဖြစ်မိတယ် ဘာလို့လဲဆိုတော့ သမီးတို့ကတော့ ကျောင်းနေပြီး ကိုယ့်ရဲ့ရည်မှန်းချက်အတွက် ကြိုးစားနေရပြီး သူတို့ကကျတော့ အလုပ်အထဲမှာပဲ စိတ်နှစ်ထားပြီး သူတို့ရည်မှန်းချက်ဆိုတာ ဘာမှန်းတောင်မှ သိခွင့်မရဘူး။ ကလေးတစ်ယောက်ဆိုရင် မိတ်ကပ်ဆရာ ဖြစ်ချင်တယ်။ လက်တွေ့လုပ်နေရတာက ပဲကြော်တဲ့အလုပ် လုပ်နေရတယ်။ အဲ့ကြောင့် သူ့ရဲ့ရည်မှန်းချက်နဲ့ အရမ်းဝေးကွာနေတယ် မိသားစုစီးပွားရေးလည်း အဆင်မပြေတော့ သူဖြစ်ချင်တဲ့ မိတ်ကပ်ပညာရှင်တစ်ယောက် မဖြစ်နိုင်တော့ဘူး။ အာ့ကြောင့် စိတ်လည်း ထိခိုက်နေတယ် သူတို့နေရာတွေမှာလည်း ကိုယ်ချင်းစာတက်လာတယ်..."

**မနွယ်နွယ်လင်း** ၊ (၁၃) နှစ်

အတွင်းရေးမှူး၊ မီးအိမ်ရှင်ကလေးအဖွဲ့၊ အမှတ် (၁၁) ရပ်ကွက်၊ ပခုက္ကူမြို့နယ်

"ကလေးတွေအပေါ်ကိုသူတို့လိုအပ်တဲ့၊ သူတို့လိုချင်တဲ့အရာတွေကို အစိုးရဘက်ကနေ ကူညီပေးနိုင်မယ်ဆိုလို့ရှိရင် အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်..."

**မခင်စန္ဒာလှိုင်,** M&E Officer, Save the Children

"ကျောင်းနေပြီး အလုပ်လုပ်နေရတဲ့ ကလေးတွေကျလဲ စာကိုကြိုးစားပမ်းစားနဲ့ သင်ခွင့်မရဘူး... အလုပ်ကတစ်ဖက် ကျောင်းစာကတစ်ဖက်နဲ့ အခက်အခဲတွေအများကြီးနဲ့ ရင်ဆိုင်နေရတယ်။"

**မအေးအေးခိုင်**၊ (၃၂) နှစ် ၊ စေတနာ့ဝန်ထမ်း၊ ကျစ်စုံပွေးကျေးရွာ၊ မကွေးမြို့နယ်

"သင်တန်းတွေ တက်ရောက်ပြီးမှ ကိုရင် ၀တ်ခဲ့ပြီး စစ်တမ်းကောက်ရာတွင် အဆင်ပြေပါ့မလား။ မကြည်ကြည်၊မရွှေဇင်တို့မှ အဆင်ပြေတယ်။ ရပါတယ်ပြောပါတယ်..."
**မောင်ချစ်သွေးဦး**၊ ၁၃ နှစ်
ဥက္ကဌ၊ မီးအိမ်ရှင်ကလေးအဖွဲ့ အမှတ် (၁၁) ရပ်ကွက်၊ ပခုက္ကူမြို့နယ်

"ကလေးများ ဦးဆောင်ပါဝင်သော သုတေသနပြုလုပ်ခြင်းမှာ ပါဝင်သောချိန်များတွင် စိတ်လှုပ်ရှားပါတယ်။ စစ်တမ်းကောက် ယူပြီးသော အခါကိုယ့်ကိုကိုယ် ဂုဏ်ယူမိပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်..."
**မောင်သိန်းငွေအောင်**၊ ၁၃ နှစ်၊
စာရင်းကိုင်၊ Happy Children ကလေးအဖွဲ့ ချိုင်ကျေးရွာ၊ ပခုက္ကူမြို့နယ်

"CLPAR မလုပ်ခင်မှာ ငါလုပ်နိုင်ပါ့မလားဆိုတဲ့ စိတ်ကြီးက တွေဝေမိတယ်။ CLPAR လုပ်ပြီးတော့ ငါကိုယ်ငါ လုပ်နိုင်တယ်ဆိုပြီးတော့ ဂုဏ်ယူမိတယ်..."
**မောင်ရဲဝေမောင်**၊ (၁၇) နှစ်
အဖွဲ့ဝင်၊ Sin Lan Children Team ဆင်လမ်းကျေးရွာ၊ ပခုက္ကူမြို့နယ်

"ကလေးတွေက စီးပွားရေးအဆင်မပြေလို့ အလုပ်လုပ်နေရတဲ့ ကလေးတွေဖြစ်သည့်အတွက် စီးပွားရေးအဆင်ပြေစေဖို့ သူတို့ရဲ့ ဘဝလေးတွေကို မှန်မှန်ကန်ကန်လေးနဲ့ သူတို့ဘဝရဲ့ ပန်းတိုင်လေးတွေကို ရောက်နိုင်ပါစေလို့ ကျွန်တော့အနေနဲ့ ပြောကြားလိုပါတယ်..."
**ကိုရွှေတိုး**၊ (၃၁) နှစ်
စေတနာ့ဝန်ထမ်း၊ ရွာသစ်ကလေးကျေးရွာ မကွေးမြို့နယ်

"သူတို့မှာကျောင်းနေချင်တယ်၊ စာကြိုးစားချင်စိတ်ရှိတယ်... ကိုယ်ကတော့ ကျောင်းနေပေမဲ့ စာကြိုးစားချင်စိတ်မရှိဘူး အဲလိုခံစားရတယ်...."
**မောင်ဝင်းထက်ကျော်**၊ ၁၅ နှစ်
အတွင်းရေးမှူး၊ Future Stars ကလေးအဖွဲ့ ကျွန်းညိုကြီးကျေးရွာ၊ ပခုက္ကူမြို့နယ်

"အမြဲအလုပ်လုပ် နေရတဲ့ကလေးတွေဆိုရင် စားဝတ်နေရေးအဆင်မပြေလို့ အလုပ်လုပ်နေရတာတွေရှိတယ်... သူကိုယ်တိုင်က စာမလုပ်ချင်လို့ ကျောင်းထွက်ပြီး အလုပ်လုပ်ရတာတွေလည်းရှိတယ်"
**မရနံ့ဖူးဝေ**၊ (၁၄) နှစ်
အတွင်းရေးမှူး၊ Butterflies ကလေးအဖွဲ့ ပန်းတိုင်းခြံကျေးရွာ၊ ပခုက္ကူမြို့နယ်

"တကယ့်တကယ်ကလေးတွေကို သုတေသနလုပ်တယ် စစ်တမ်းကောက်တော့ကျ ဒီကလေးတွေရဲ့ ခံစားချက်တွေကို သိရှိလာခဲ့ရပါတယ်။ သူတို့ကိုလည်း ကိုယ်ချင်းစာမိတယ် ...
ပြီးတော့ သူတို့ရဲ့ ခံစားချက်တွေကိုလည်း ဖြည့်ဆည်းပေးနိုင်တဲ့ သူတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါ့မယ်..."
**မသိမ့်နန္ဒာဖြိုး**၊ (၁၄) နှစ်
ဥက္ကဌ၊ နေ့သစ်ရောင်ခြည် ကလေးအဖွဲ့ ထုံးပေါက်တောကျေးရွာ (မြောက်) ၊ မကွေးမြို့နယ်

"သူတို့မှာကျောင်းတက်ခွင့် ပညာသင်ခွင့်တွေဆုံးရှုံးနေတယ်။ အဲ့ဒါကြောင့်သမီးမှာ သူတို့နေရာကနေပြီးတော့ခံစားမိပါတယ် ဝမ်းလည်းဝမ်းနည်းမိပါတယ်..."
**မသူဇာအောင်**၊ (၁၅) နှစ်
ဘဏ္ဍာရေးမှူး၊ Happy Children ကလေးအဖွဲ့ ချိုင်ကျေးရွာ၊ ပခုက္ကူမြို့နယ်

## ၉။ မှတ်တမ်းဓာတ်ပုံများ

### (က) ခေါင်းစဉ်ရွေးချယ်ခြင်း







### (ခ) အချက်အလက်စုဆောင်းခြင်း




## (ဂ) သုံးသပ်လေ့လာခြင်း






## (ဃ) တွေ့ရှိချက်များကို တင်ပြခြင်း






**အလှူရှင်အဖွဲ့အစည်း**

Norad

Norwegian Agency for Development Cooperation - Norad

**နည်းပညာပံ့ပိုးကူညီသည့် အဖွဲ့အစည်း**

Save the Children

Save the Children International

ကလေးသူငယ်အခွင့်အရေးများ စီမံအုပ်ချုပ်မှု အစီအစဉ်

**Social Care Volunteer Group (SCVG)**

အမှတ် (၅)၊ အောင်ချမ်းသာလမ်း၊ ဆားဆည့်ရပ်၊ မကွေးမြို့ ၀၄၀၁၁ မကွေးတိုင်းဒေသကြီး။

ဖုန်း ၀၉-၄၃၁၇၀၀၃၄၊ အီးမေးလ် info@scvg.org